# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


## ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက် | ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၄)၊ အမှတ် (၁၂၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ပြည်မြို့ရှိ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး၌ အကြိမ် (၁၀၀)မြောက် ညံ့ရိုးမီးပူဇော်ပွဲကို ယမန်နှစ်က စည်ကားသိုက်မြိုက်စွာကျင်းပခဲ့မှုကို တွေ့ရစဉ်။

## ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး၌ (၂၃)ကြိမ်မြောက် ထမနဲထိုးပြိုင်ပွဲနှင့် (၁၀၁)ကြိမ်မြောက် ညံ့ရိုးမီးပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပမည်

ပြည် ဇန်နဝါရီ ၂၉

ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ယခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် (၂၃)ကြိမ်မြောက် ထမနဲထိုးပြိုင်ပွဲနှင့် (၁၀၁)ကြိမ်မြောက် ညံ့ရိုးမီးပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ◆



## သာယာဝတီမြို့၌ မြေအိုးလုပ်ငန်း မတိမ်ကောစေရန် ဆက်လက်လုပ်ကိုင်

သာယာဝတီ ဇန်နဝါရီ ၂၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နှင့် ၇ မိုင်ကွာဝေးသော ဖိုးခေါင်ကျေးရွာရှိ အိမ်ထောင်စုများသည် မိရိုးဖလာအိုးလုပ်ငန်းကို မတိမ်ကော မပပျောက်စေရန် ထိန်းသိမ်းပြုလုပ်လျက်ရှိပြီး မြေအိုးအမျိုးမျိုးပြုလုပ်ကာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

မြေအိုးအမျိုးမျိုးပြုလုပ်ရာတွင် ပထမဦးစွာ ရွာ၏ အပြင်ဘက်ရှိ မြေကျင်းမှ မြေနီ၊ မြေစေးတို့ကို လှည်းဖြင့်သယ်၍ နေအိမ်တွင် စုပုံထားကြကြောင်း၊ အဆိုပါမြေများကို အိုးပြုလုပ်တော့မည်ဆိုလျှင် နုန်းမြေတစ်ဆ မြေနီနှစ်ဆ မြေစေးတစ်ဆတို့ကိုရောနှော၍ အင်တုံထဲတွင်ထည့်ကာ စိမ်ထားရကြောင်း၊ မြေများနူးလာပြီဆိုပါက စေးသွားအောင် ဖျာပေါ်သို့ပုံ၍ ခြေထောက်ဖြင့် အကြိမ်ကြိမ်နင်းနယ်ရကြောင်း၊ ထို့နောက် လက်လှည့် စုံပေါ်တွင်တင်ကာ မိမိပြုလုပ်လိုသော အိုးပုံစံကို လက်ဖြင့်ပုံဖော်ပြီး အဆင့်ဆင့်ပြုလုပ်ပြီးမှ မီးဖုတ်ရကြောင်း မြေအိုးပြုလုပ်သူတစ်ဦးက ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

## ပြည်ပ ဘိလပ်မြေများ ရောက်ရှိမည်

နေပြည်တော် ဇန်နဝါရီ ၂၉

နိုင်ငံတစ်ဝန်းတွင် ယခုပွင့်လင်းရာသီချိန်၌ ဆောက်လုပ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေးအတွက် ဘိလပ်မြေလိုအပ်ချက်ကို ပြည်တွင်းဘိလပ်မြေစက်ရုံများ၏ ထုတ်လုပ်မှုများအပြင် ပြည်ပမှ ဘိလပ်မြေများကို နယ်စပ်ကုန်သွယ်ရေးနှင့် ပင်လယ်ရေကြောင်းတို့မှ အားဖြည့်တင်သွင်းခွင့်ပြုထားကြောင်းနှင့် အဆိုပါ ပြည်ပဘိလပ်မြေများသည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်


ယနေ့ ဖတ်စရာ

အသည်းအစားထိုးခွဲစိတ်ကုသမှု (ဒုတိယနေ့) ဆက်လက်ဆောင်ရွက် — ပြည်တွင်းသတင်း — စာ ၄

ပင်လုံမြေကို သက်သေတည်၍ — ဆောင်းပါး — စာ ၆

ဒီလို ပြပွဲတွေ၊ ပြိုင်ပွဲတွေက ကျွန်တော်တို့ တိုင်းဒေသကြီးရဲ့ MSME လုပ်ငန်းတွေကို အများကြီး အထောက်အကူပြုပါတယ် — တွေ့ဆုံမေးမြန်း — စာ ၈

တိုင်းရင်းဆေးပညာဖြင့် ဥတုရာသီအလိုက် ကျန်းမာရေးစောင့်ရှောက်ခြင်း — ဆောင်းပါး — စာ ၁၀

# ကလေးအလုပ်သမား ပပျောက်ရေး ရေရှည်ဆောင်ရွက်ကြရမည့်တာဝန်

ကလေးဆိုသည်မှာ အလုပ်စေခိုင်းရမည့်အရွယ်မဟုတ်။ မိသားစုဝင်များနှင့်အတူ ကျန်းမာပျော်ရွှင်ရန်၊ ကျောင်းနေအရွယ်တွင် ကျောင်းပညာကို မပျက်မကွက် သင်ယူခွင့်ရရန် ကလေးများကို အခွင့်အရေးပေးရမည်ဖြစ်သော်လည်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (ILO) နှင့် ယူနီဆက်ဖ်တို့၏ အစီရင်ခံစာအရ ကမ္ဘာတစ်ဝန်းတွင် ကလေးအလုပ်သမားပေါင်း ၁၅၃ သန်းရှိနေသည်ဟု ဆိုသည်။ မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးခြင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ခြင်းနှင့် လက်နက်ကိုင်ပဋိပက္ခဘေးအန္တရာယ်များ ဖြစ်ပေါ်ခြင်းတို့ကြောင့် ကလေးအလုပ်သမားအဖြစ် လုပ်ကိုင်နေရသည့် ကလေးငယ် တစ်သန်းကျော်ရှိနေသည်။

အိုင်အယ်လ်အို၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ကလေးအလုပ်သမားဆိုသည်မှာ ၎င်း၏ ကလေးဘဝရွှေ့အလားအလာနှင့် ဂုဏ်သိက္ခာကင်းမဲ့စေပြီး ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နစ်နာစေသည့် အလုပ်မျိုးကို လုပ်ကိုင်နေရသူများကို ဆိုလိုခြင်းဖြစ်သည်။ အသက် ငါးနှစ်မှ ၁၇ နှစ်အတွင်းရှိ ကလေးများလုပ်ငန်းခွင်သို့ ဝင်ရောက်အလုပ်လုပ်ကိုင်ကြခြင်း၊ အခကြေးငွေမရဘဲ အန္တရာယ်ရှိသည့် အိမ်တွင်းလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်ရခြင်းတို့သည်လည်း ကလေးအလုပ်သမားများအဖြစ် အကျုံးဝင်သည်။ မြန်မာနိုင်ငံတွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေနှင့် လက်ရှိအလုပ်သမား ဥပဒေအရ အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်အရွယ်မှာ အသက် ၁၄ နှစ်ဖြစ်သည်။ ၂၀၁၆ ခုနှစ် "ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေ" တွင်လည်း အလုပ်စတင်ဝင်ရောက်နိုင်သည့် အနိမ့်ဆုံးအသက်အရွယ်ကို ၁၄ နှစ်ဟု ပြဋ္ဌာန်းပေးထားသည့် အသက် ၁၈ နှစ်မပြည့်သေးသည့် မည်သည့်အလုပ်သမားကိုမျှ အန္တရာယ်ရှိသည်ဟု သတ်မှတ်ထားသည့် လုပ်ငန်းခွင်များတွင် အလုပ်မလုပ်စေရန်လည်း ပြဋ္ဌာန်းထားသည်။

ကလေးများလုပ်ငန်းခွင်ထဲသို့ ရောက်ရှိလာရခြင်း၏ အဓိကအကြောင်းရင်းမှာ ဆင်းရဲနွမ်းပါးမှုကြောင့်ဖြစ်သည်။ ဆင်းရဲနွမ်းပါးခြင်း၊ လူမှုစီးပွားဘဝနိမ့်ကျခြင်း၊ မိဘများကိုယ်တိုင်က အသိပညာနည်းပါးခြင်းတို့ကြောင့် စာသင်ခန်းများတွင်သာ ရှိနေရမည့် ကျောင်းနေအရွယ်ကလေးများမှာ မိသားစုစားဝတ်နေရေးအတွက် ဝင်ငွေရှာဖွေရန် ကလေးအလုပ်သမားများအဖြစ် ခံယူကြရသည်။ တစ်ခါတစ်ရံ လွန်စွာဆင်းရဲနွမ်းပါးသည့် မိသားစု၏ အဓိကဝင်ငွေရှာဖွေသူမှာပင် ကလေးဖြစ်နေပြီး မိသားစုက ၎င်းအပေါ် မှီခိုနေကြရခြင်းဖြစ်သည်။ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများတွင် ကလေးသူငယ်ဦးရေ၏ လေးပုံတစ်ပုံသည် အလုပ်လုပ်နေကြရပြီး အာဖရိကနိုင်ငံအချို့တွင် အသက် ငါးနှစ်မှ ၁၄ နှစ်ကြားအရွယ်ရှိ ကလေးများ၏ ၅၀ ရာခိုင်နှုန်းမှာ ကလေးအလုပ်သမားများဖြစ်ကြသည်။ တစ်ကမ္ဘာလုံးတွင် ကလေးအလုပ်သမားအများဆုံး အလုပ်လုပ်ကိုင်ကြသည့် ကဏ္ဍမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင်ဖြစ်ရာ မိမိတို့နိုင်ငံတွင်လည်း ယင်းသို့ပင် ဖြစ်ဖွယ်ရှိသည်။

ကလေးများကိုအရွယ်မတိုင်မီ လုပ်ငန်းခွင်များသို့ ရောက်ရှိသွားစေရန် တွန်းပို့သည့်အခြေခံအကြောင်းများတွင် စာသင်ကျောင်းများနှင့် အလှမ်းဝေးသည့် ဒေသများတွင်နေထိုင်ခြင်း၊ စာပေပညာသင်ကြားမှုအပေါ် လွဲမှားသည့်အမြင်ရှိခြင်း၊ ဓလေ့ထုံးစံများကလည်း ပညာရေးအပေါ် အားမပေးခြင်းနှင့် နိုင်ငံတော်အဆင့် စီးပွားရေးမူဝါဒများ၊ ကုန်ထုတ်လုပ်ငန်းများ၏ ဖြစ်ပေါ်တိုးတက်မှုပုံစံများက လုပ်ခလစာနည်းသည့် ကလေးအလုပ်သမားများလိုအပ်သည့် အခြေအနေမျိုးဖြစ်ပေါ်နေခြင်းတို့ရှိနေမည်ဆိုပါက ကလေးအလုပ်သမားပပျောက်ရေးဆောင်ရွက်ရန် မဖြစ်နိုင်လောက်အောင် ခက်ခဲမည်ဖြစ်သည်။ အခြေခံအကြောင်းရင်းများဖြစ်သော ဆင်းရဲနွမ်းပါးမှုကို လျှော့ချခြင်း၊ စာသင်ကျောင်းများ အလုံအလောက် ဖွင့်လှစ်ပေးခြင်း၊ ပညာသင်ယူခြင်းနှင့် အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်များ အာမခံချက်ပေးနိုင်ခြင်း၊ နိုင်ငံ၏စီးပွားရေးမူဝါဒများ ချမှတ်ရာတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ခြင်း စသည်တို့ကို ဦးစွာကုစားနိုင်မှသာ ကလေးအလုပ်သမားပပျောက်ရေးကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါမတိုင်မီက ကလေးလုပ်သား အရေအတွက် ၁ ဒသမ ၁ သန်းကျော်ရှိခဲ့ပြီး ယင်းတို့အနက် ၆ သိန်းကျော်တို့မှာ အကာအကွယ်မဲ့သည့်အခြေအနေတွင် ရှိနေခဲ့သည်။ မြန်မာနိုင်ငံသည် အခြားကမ္ဘာ့နိုင်ငံများ နည်းတူ ကလေးများအတွက် ကောင်းမွန်သော အနာဂတ်ကို ဖန်တီးနိုင်ရန် ကလေးအလုပ်သမား ပပျောက်ရေးအစီအစဉ်ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။ ကလေးအလုပ်သမားများ ခိုင်းစေခြင်းသည် မိဘများ၏ ဝင်ငွေလိုအပ်ချက်နှင့် အလုပ်ရှင်များ၏ လုပ်ခသက်သာသော အလုပ်သမားလိုအပ်ချက်များကို ဖြည့်ဆည်းခြင်းဖြစ်သော်လည်း ကလေးငယ်များနှင့် နိုင်ငံတော်၏ အနာဂတ်တို့အတွက် ထိခိုက်နစ်နာဆုံးရှုံးရခြင်းပင်ဖြစ်ရာ ကလေးများ၏ အနာဂတ်ကောင်းမွန်ရေးနှင့် နိုင်ငံတည်ဆောက်ရေးအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးကို ရည်မျှော်ကာ ကလေးအလုပ်သမားပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် ရေရှည်ဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ပြဟ္မစိုရ်တရားနှင့် စစ်မှန်သော မျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှု လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော် အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ် အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။




## ၂၉ - ၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅,၄၄၀,၀၀၀) ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**ပြည်ထောင်စုဖွား**
**တိုင်းရင်းသားတို့**
**သွေးစည်းညီညီ တွဲလက်ညီမှ**
**ဒို့ပြည်ထောင်စု ခိုင်မြဲမည်**


မြန်မာ့အလင်း

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - စိုးစိုးနိုင် | သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းမှူး | - မြင့်စိုး | အကြီးတန်း | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - ဝင်းကျော်၊ နေဇာဇာထွန်း | သတင်းထောက်များ | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | |
| စာပြင် | - ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)

**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS


MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့ ပင်းတယမြို့ရှိ ရုပ်ရှင်နှင့် ရုပ်မြင်သံကြား ရိုက်ကူးထုတ်လွှင့်မှုလုပ်ငန်းများအတွက် အခြေခံအဆောက်အအုံများနှင့် စတူဒီယိုများ တည်ဆောက်နေမှု ကြည့်ရှုအားပေး

**နေပြည်တော် ဇန်နဝါရီ ၂၉**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့သည် ယနေ့ နံနက်ပိုင်းတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ရှိ Forever Yay Wati ကုမ္ပဏီလီမိတက်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရုပ်ရှင်နှင့် ရုပ်မြင်သံကြား ရိုက်ကူးထုတ်လွှင့်မှုလုပ်ငန်းများအတွက် အခြေခံ အဆောက်အအုံများနှင့် စတူဒီယိုများ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ရှင်းလင်းဆောင်၌ Forever Yay Wati ကုမ္ပဏီမှ Project Director ဦးသိန်းထွန်းအောင်က ပင်းတယဒေသတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးကို အခြေခံသော ရုပ်ရှင်နှင့် ရုပ်မြင်သံကြား ရိုက်ကူးထုတ်လွှင့်မှု လုပ်ငန်းများအတွက် အခြေခံ အဆောက်အအုံများနှင့် စတူဒီယိုများတည်ဆောက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

**အောင်မြင်အောင် ဆောင်ရွက်**

ယင်းနောက် တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်နှင့်အနုပညာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် နည်းလမ်းပေါင်းစုံဖြင့် ကူညီဆောင်ရွက် ပေးလျက်ရှိပါကြောင်း၊ ယခုစီမံကိန်းသည် ရုပ်ရှင်အဆင့်အတန်း မြင့်မားလာရေးနှင့် ရုပ်ရှင်မှတစ်ဆင့် ဒေသစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်လုပ်ဆောင်သည့် စီမံကိန်းဖြစ်သဖြင့် ကောင်းမွန်သည်ဟု ပြောကြားလိုကြောင်း၊ ရုပ်ရှင်မြို့တော် ပေါ်ပေါက်လာရေးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအား နိုင်ငံတော်အစိုးရက လိုအပ်သည့် မြေနေရာများ ခွင့်ပြုချထားပေးခဲ့ပါကြောင်း၊ ရုပ်ရှင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် အပြောလွယ်သလောက် လုပ်ဆောင်ရသည်မှာ ခက်ခဲပါကြောင်း၊ ယခုအကောင်အထည်ဖော်သည့် လုပ်ငန်းများသည် ရင်းနှီးမြှုပ်နှံရသည့် ပမာဏများပြားလွန်းသဖြင့် ဥပဒေ စည်းမျဉ်း၊ စည်းကမ်းများနှင့် ညီညွတ်ကိုက်ညီရန် လိုအပ်ပါကြောင်း၊ ဤစီမံကိန်းအောင်မြင်ပါက ပင်းတယဒေသတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရုံသာမက ခရီးသွားလုပ်ငန်းများကိုပါ တွဲဆက်လုပ်ကိုင်နိုင်မည်ဖြစ်သဖြင့် မိမိတို့အောင်မြင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းများ အောင်မြင်စေရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ရှမ်းပြည်နယ်အစိုးရတို့နှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စီမံကိန်း ဧရိယာအတွင်းရှိ မြေနေရာများတွင် ဒေသနှင့် ကိုက်ညီသည့်စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ဆောင်၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။



**ကူညီဆောင်ရွက်ပေးမည်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ရှမ်းပြည်နယ်တွင် ယခုကဲ့သို့ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေသည်ကို တွေ့မြင်ရ၍ ဝမ်းမြောက်မိပါကြောင်း၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး ပြည်နယ်အစိုးရအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**လှည့်လည်ကြည့်ရှု**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် Forever Yay Wati ကုမ္ပဏီက ရုပ်ရှင်နှင့် ရုပ်မြင်သံကြား ရိုက်ကူးထုတ်လွှင့်မှု လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ မြေဆီလွှာထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ စတူဒီယိုများ၊ နားနေဆောင်များ၊ ရိုက်ကူးရေးသုံး အဆောက်အအုံများအား မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် MRTV DTH စလောင်း အစုံ ၂၀ နှင့် DVB T2 Set top box အလုံး ၅၀ အား ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းသို့ ပေးအပ်သည်။

**ပေးအပ်လှူဒါန်း**

နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့သည် တောင်ကြီးရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို ပြီး စေတီတော်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း၊ ရွှေထီးတော်အသစ် တင်လှူပူဇော်ခြင်း လုပ်ငန်းများကိုကြည့်ရှုကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် တောင်ကြီးမြို့ စူဠာမုနိ လောကချမ်းသာစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

**ဆောင်ရွက်ပြီးစီး**

စူဠာမုနိ လောကချမ်းသာစေတီတော်မြတ်ကြီးအား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၈-၅-၂၀၂၃ ရက်နေ့က ရောက်ရှိဖူးမြော်စဉ် လမ်းညွှန်မှာကြားချက်အရ စေတီတော်မြတ်ကြီး မိုးရေယိုစိမ့်မှုပြင်ဆင်ခြင်း လုပ်ငန်းကို ၂၅-၃-၂၀၂၄ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၃၀-၁၁-၂၀၂၄ ရက်နေ့တွင် လည်းကောင်း၊ ရွှေသင်္ကန်း ကပ်လှူပူဇော်ခြင်း လုပ်ငန်းကို ၂၄-၁၂-၂၀၂၃ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၁၅-၃-၂၀၂၄ ရက်နေ့တွင် လည်းကောင်း၊ စေတီတော်မြတ်ကြီးအတွင်း၊ အပြင် ဆေးသင်္ကန်းကပ်လှူပူဇော်ခြင်းလုပ်ငန်း၊ ဘက်စုံပြုပြင်မွမ်းမံခြင်းနှင့် စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို ၁၂-၄-၂၀၂၄ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပြီး ၃၀-၁၁-၂၀၂၄ ရက်နေ့တွင် လည်းကောင်း ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

● *ရွှေ့ဖုံးမှ*

ဖိုးခေါင်ကျေးရွာမှ ထွက်ရှိသော ညောင်ရေအိုး တစ်လုံးကို ငွေကျပ် ၁၅၀၀၊ ပန်းရိုက်သောက်ရေအိုး တစ်လုံးလျှင် ငွေကျပ် ၃၅၀၀၊ အချောတစ်လုံးလျှင် ငွေကျပ် ၄၅၀၀၊ ဟင်းအိုးတစ်လုံးလျှင် ငွေကျပ် ၂၅၀၀၊ ပဲလှော်အိုးတစ်လုံးလျှင် ငွေကျပ် ၃၀၀၀ တို့ဖြင့် သာယာဝတီမြို့သို့ ကားဖြင့်သွားရောက်ရောင်းချရာ မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း ဖိုးခေါင်ကျေးရွာနေ မြေအိုးအမျိုးမျိုးလုပ်ကိုင်သူ မသင်းသင်းမော်၏ ပြောကြားချက်အရ သိရသည်။

**သန့်ဇော်(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ယနေ့ အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

# စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံ(ပျဉ်းမနား) နဝမအကြိမ်မြောက် စိုက်ပျိုးရေးဒီပလိုမာနှင့် ပထမအကြိမ် မွေးမြူရေးဒီပလိုမာ အောင်လက်မှတ်အပ်နှင်း

## နိုင်ငံတော်၏ စားရေရိက္ခာဖူလုံရေးနှင့် လယ်ယာကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ကြိုးပမ်း





**နေပြည်တော် ဇန်နဝါရီ ၂၉**

စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ပျဉ်းမနား) နဝမအကြိမ် စိုက်ပျိုးရေးဒီပလိုမာနှင့် ပထမအကြိမ် မွေးမြူရေးဒီပလိုမာ အောင်လက်မှတ်အပ်နှင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ ရွှေရောင်ခြည်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ပျဉ်းမနား) ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မိမိတို့၏ ပညာသင်ကာလတစ်လျှောက် စာတွေ့လက်တွေ့ လေ့လာသင်ယူခဲ့ကြသည့် စိုက်ပျိုးမွေးမြူရေးပညာရပ်များကို လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိစွာအသုံးချသွားကြရန်၊ ပုဂ္ဂလိကလုပ်ငန်းများနှင့် မိမိကိုယ်ပိုင်လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်သွားရန် ရည်ရွယ်ချက်ရှိပါကလည်း သက်ဆိုင်ရာ လုပ်ငန်းခွင်အလိုက် တိုးတက်အောင်မြင်အောင်ကြိုးပမ်းပြီး နိုင်ငံတော်၏ စားရေရိက္ခာဖူလုံရေးနှင့် လယ်ယာကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းဆောင်ကြိုးပမ်းသွားကြစေလိုကြောင်း တိုက်တွန်းပြောကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ပျဉ်းမနား) နှင့် (ရွှေဘို)ကျောင်းများတွင် ပထမနှစ်မှ တတိယနှစ်အထိ တန်းစဉ်ပေါင်း ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဂုဏ်ပြုဆုများချီးမြှင့်ပြီး ဧည့်သည်တော်များ၊ ကျောင်းဆင်းမောင်မယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်သည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီးက ကျောင်းဆင်းမောင်မယ်များအား စိုက်ပျိုးရေးဒီပလိုမာနှင့် မွေးမြူရေးဒီပလိုမာ အောင်လက်မှတ်များ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၌ ကျင်းပသည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲသို့ တက်ရောက်သည်။

မောင်မယ်သစ်လွင်ကြိုဆိုပွဲများတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးမွေးမြူရေးပညာရှင် လူ့အရင်းအမြစ်တိုးပွားရေး လိုအပ်ချက်ကို ထိရောက်စွာဆောင်ရွက်ပေးနိုင်ရန် အောက်မြန်မာပြည်တွင်လည်း စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ် တိုးချဲ့ဖွင့်လှစ်ပေးသွားမည်ဖြစ်ရာ ထူးချွန်ထက်မြက်သည့် အနာဂတ်မျိုးဆက်သစ်များအဖြစ် တစ်တပ်တစ်အားပါဝင်စွမ်းဆောင်နိုင်ကြစေရေး အားထုတ်ကြိုးပမ်းသွားကြရန် တိုက်တွန်းပြောကြားသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ပျဉ်းမနား) အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း ၁၅ ကျောင်းမှ နှစ်စဉ် နိုင်ငံတော်အတွက်လိုအပ်သော အလယ်အလတ်အဆင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရှင်များကို မွေးထုတ်ပေးလျက်ရှိရာ ယနေ့အထိ စိုက်ပျိုးရေးဒီပလိုမာ လက်မှတ်ရ ၂၆၃၁၄ ဦးနှင့် မွေးမြူရေး ဒီပလိုမာ လက်မှတ်ရ ၄၆၅ ဦး စုစုပေါင်း ၂၆၇၇၉ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အသည်းအစားထိုးခွဲစိတ်ကုသမှု (ဒုတိယနေ့) ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၉**

တပ်မတော်တွင် အဋ္ဌမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှု ဒုတိယနေ့ကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၁)တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) အထူးကုသမှုစင်တာ၌ ဆက်လက်ပြုလုပ်သည်။ **(အောက်ပုံ)**



အဆိုပါ အသည်းအစားထိုး ခွဲစိတ်ကုသမှုတွင် လူနာ ဦးညီညီနှင့် အသည်းအလှူရှင် ဦးထွန်းထွန်းလင်းတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှု ဆောင်ရွက်ရာတွင် အသည်းအလှူရှင်ထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၉ နာရီခွဲတွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသောအသည်းကို ညနေ ၅ နာရီခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်း ဆောင်ရွက်ခဲ့ကာ စုစုပေါင်း ခွဲစိတ်ချိန် ၁၁ နာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်နှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေး အခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သော ပြုစုကုသမှုများကို သက်ဆိုင်ရာ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု / ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်မှ တာဝန်ရှိသူ အရာရှိကြီးများက ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ၂၀၂၅ ခုနှစ် မြွေနှစ် တရုတ်နှစ်သစ်ကူးအထိမ်းအမှတ် စုပေါင်းကန်တော့ခြင်းနှင့် နှစ်သစ်ကူးမင်္ဂလာအခမ်းအနား တက်ရောက်

**ဘားအံ ဇန်နဝါရီ ၂၉**

၂၀၂၅ ခုနှစ် မြွေနှစ် တရုတ်နှစ်သစ်ကူးအထိမ်းအမှတ် စုပေါင်းကန်တော့ခြင်းနှင့် နှစ်သစ်ကူးမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဘားအံမြို့ အမှတ်(၁)ရပ်ကွက်ရှိ ဘားအံကျန့်တိတ်ဗုဒ္ဓဘာသာ ဘုရားကျောင်း၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ချီးမြှင့်ကြသည်။

**စုပေါင်းကန်တော့**

ဦးစွာ နှစ်သစ်ကူးမင်္ဂလာအခမ်းအနားသို့တက်ရောက်လာသော ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား ဘုံကျောင်းတာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာကြိုဆိုကြပြီး တရုတ်ရိုးရာနှစ်သစ်ကူးပဝါများဖြင့် ဂါရဝပြုကြကာ ဘားအံကျန့်တိတ်ဗုဒ္ဓဘာသာဘုံကျောင်းရှိ ဗုဒ္ဓရုပ်ပွားတော်၊ မိုးနတ်မင်း၊ ကျန်းမာရေးနတ်မင်း၊ ကျန့်တိတ်ကျောင်းထိုင်နတ်မင်း၊ ကွမ်းကုန်းနတ်မင်း၊ ကွမ်ယင်မယ်တော်၊ အန်းကုန်း၊ ကျိုကုန်းနတ်မင်း အစရှိသော နတ်မင်းအပေါင်းတို့အား နှစ်သစ်မင်္ဂလာ စုပေါင်းကန်တော့ကြသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဘားအံ ကျန့်တိတ်ဘုံကျောင်း မင်္ဂလာနဂါးခိုင်းကွမ်း မင်္ဂလာပြုလုပ်ခြင်းကို ကြည့်ရှုအားပေးခဲ့ကြပြီး တရုတ်ရိုးရာနဂါးအကအလှနှင့်ခြင်္သေ့အကအလှတို့ဖြင့် စွမ်းရည်ပြသဖျော်ဖြေကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နှစ်သစ်ကူးအံပေါင်းများ ပေးအပ်ချီးမြှင့်ကြသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျန့်တိတ် ဘုံကျောင်းအတွက် ငွေကျပ် ၁၀ သိန်းနှင့် နှစ်သစ်ကူးအထိမ်းအမှတ်လက်ဆောင်များကို ဘုံကျောင်းတာဝန်ရှိသူများထံ ပေးအပ်ချီးမြှင့်ရာ ဘုံကျောင်းတာဝန်ရှိသူများက နှစ်သစ်ကူးအထိမ်းအမှတ် လက်ဆောင်များ အပြန်အလှန် ပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

**စည်ကားသိုက်မြိုက်စွာကျင်းပ**

တရုတ်မြွေနှစ်သည် ဉာဏ်ပညာ၊ မဟာဗျူဟာပြောင်းလဲခြင်း၊ အသစ်တစ်ဖန် ပြန်လည်ဖွဲ့စည်းခြင်း၊ တိုးတက်ကြီးပွားခြင်း၊ ထိုးထွင်းသိမြင်ခြင်း အဓိပ္ပာယ်ဟု ယူဆကြပြီး ဘားအံကျန့်တိတ်ဗုဒ္ဓဘာသာဘုရားကျောင်း နှစ်သစ်ကူးအထိမ်းအမှတ် စုပေါင်းကန်တော့ခြင်းနှင့် နှစ်သစ်ကူးမင်္ဂလာအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် များ၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် အဖွဲ့ဝင်များ၊ ဘုံကျောင်းတာဝန်ရှိသူများ၊ တရုတ်နွယ်ဖွား မြန်မာနိုင်ငံသားများ တက်ရောက်ခဲ့ကြပြီး တရုတ်မြွေနှစ် နှစ်သစ်ကူးအထိမ်းအမှတ် စုပေါင်းကန်တော့ခြင်းနှင့် နှစ်သစ်ကူး မင်္ဂလာအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အကြိုအထိမ်းအမှတ်

# လယ်ဝေးမြို့နယ် ကန်လှကျေးရွာ ရွှေကန်လှစာကြည့်တိုက် အဆောက်အအုံအသစ် ဖွင့်ပွဲကျင်းပ

**လယ်ဝေး ဇန်နဝါရီ ၂၉**

ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ် ကန်လှကျေးရွာ "ရွှေကန်လှ"စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုး၊ ဦးဇေယျာလင်း၊ နေပြည်တော် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ဦးမင်းဦး၊ ဦးဟန်သူ၊ ဦးခင်မောင်လတ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ရွှေကန်လှ စာကြည့်တိုက်အဆောက်အအုံအသစ်ကို နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး၊ နေပြည်တော် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်နှင့် ကျေးရွာရပ်မိရပ်ဖ ဦးသိန်းနွယ်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ဝဲပုံ)**




ထို့နောက် နေပြည်တော်ကောင်စီဝင်က လူငယ်များအပါအဝင် ပြည်သူများ စာဖတ်ကြစေရန်၊ စာပေလေ့လာဖတ်ရှုနိုင်သည့် ပတ်ဝန်းကျင်များ ဖန်တီးပေးရန်၊ မိမိတို့နိုင်ငံ၏ နေထိုင်မှုပုံစံအနေဖြင့် ကျေးလက်ဒေသတွင် နေထိုင်သူဦးရေမှာ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်ရှိသည့်အတွက် ယခုလို ကျေးရွာများအရောက် စာကြည့်တိုက်များ အသစ်ဆောက်လုပ်ခြင်း၊ ရှိနှင့်ပြီးသား ကျေးရွာစာကြည့်တိုက်များကို ပြန်လည်ပြင်ဆင်ပေးခြင်း၊ စာအုပ်စာစောင်များ ဖြည့်ဆည်းပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ နေပြည်တော် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီအနေဖြင့်လည်း ဗဟိုက ချမှတ်ထားသည့် လုပ်ငန်းစဉ် (၄)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်က စာကြည့်တိုက်ဆိုင်ရာ အချက်အလက်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူရထံ လွှဲပြောင်းပေးအပ်ပြီး နေပြည်တော်ကောင်စီဝင်များက စာကြည့်တိုက်အတွက် အလှူငွေများ၊ စာအုပ်စာစောင်များနှင့် MRTV DTH စလောင်းနှင့် MRTV DVB– T2 Set Top Box တစ်စုံကိုလည်းကောင်း၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်ကာ စာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များ စာပေဖတ်ရှုလေ့လာနေမှုနှင့် စာအုပ်စာစောင်များ ထားရှိမှုအခြေအနေများကို ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း စာကြည့်တိုက် စုစုပေါင်း ၅၈ တိုက် ဆောက်လုပ်ရန် လျာထားလျက်ရှိရာ ဆောက်လုပ်ပြီးစီးသည့် စာကြည့်တိုက် စုစုပေါင်း ၂၄ တိုက် ဆောက်လုပ်ပြီးစီးခဲ့သည့်အနက် ၁၂ တိုက်ကို ဖွင့်လှစ်ပြီးစီးခဲ့ပြီးဖြစ်ကာ ယနေ့ဖွင့်လှစ်ခဲ့သော ရွှေကန်လှ စာကြည့်တိုက်သည် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အဖြစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ယင်းနောက် ဆောက်လုပ်ရန်ကျန်ရှိသည့် စာကြည့်တိုက်များကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဖွင့်လှစ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်များသည် ကန်လှ–ကန်ဘေး–ကုန်းပေါ်စု–မဒေါ့ပင်–ဂုဏ်မင်းမြှောင် – ထိန်တောခြင်ပစ် ဥသျှစ်လှိုင်း ကျေးရွာချင်းဆက်လမ်း ၃ ဒသမ ၂၁၈ ကီလိုမီတာမှ ၁၁ ဒသမ ၂၆၃ ကီလိုမီတာအတွင်း လမ်းအကျယ် ၁၂ ပေ၊ ဒု ခုနစ်လက်မ လမ်းအရှည် ကွန်ကရစ်တစ်မိုင်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စတင်ဆောင်ရွက်နေသော ကျောက်ရောမြေခင်းကြိတ်ခြင်း၊ ၅၀ မီလီမီတာ၊ ၁၀၀မီလီမီတာ ကျောက်များဖြင့် ဒုအခြေခံလွှာခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ လမ်းဦးစီးဌာန ကြီးကြပ်ရေးအဖွဲ့(နေပြည်တော်)မှ တာဝန်ရှိသူများက လမ်းအလွှာအလိုက်ခင်းကျင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။ **ဝေကြည်(ပြန်/ဆက်)**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ပင်လုံမြေကို သက်သေတည်၍

စာဖတ်ပရိသတ်တစ်ဦး

လွန်ခဲ့သော ၇၈ နှစ်။ မြန်မာ့သမိုင်းတွင် သမိုင်းဝင်၊ သမိုင်းတွင်မည့် ပင်လုံညီလာခံကြီးကို သုံးရက်ကြာမျှဆွေးနွေးတိုင်ပင်ပြီးနောက် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ညနေပိုင်းတွင် မြန်မာပြည်နှင့် တောင်တန်းနယ်များပူးပေါင်းရေး အခြေခံသဘောတူညီချက်ရရှိသည့် အထိမ်းအမှတ်အဖြစ် ညစာစားပွဲကို ကျင်းပခဲ့ကြသည်။

> “ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ခေါင်းဆောင်အသီးသီးက မိမိတို့ကွဲလွဲတဲ့ အယူအဆတွေကို အကြိမ်ကြိမ်အဖန်ဖန် ဖော်ထုတ်ခြင်း၊ ဆွေးနွေးခြင်းဖြင့် နားလည်မှုရအောင် ယူသူကယူ၊ နားလည်မှု မရအောင် ရည်ရွယ်ချက်ဖြင့် သွေးခွဲသူကခွဲဆိုတော့ သဘာဝအဖြစ်အပျက်တွေထဲမှာ ရှန်းကန်ရပါတယ်။ စားပွဲဝိုင်းမှာညှိနှိုင်းပြီး သဘောတူညီမှုရနိုင်သမျှရအောင် သည်းခံစိတ်ရှည် ဆွေးနွေးရတာပဲ။ အဲဒါဟာ ဒီမိုကရေစီရဲ့ အနှစ်သာရ ဖြစ်ပါတယ်”

ညစာစားပွဲတွင် တောင်ပိုင်းစော်ဘွားကြီးက “ယနေ့ညဟာ နေ့ကောင်းနေ့မြတ်ဖြစ်တဲ့ ညပါပဲ။ ယခုဒုတိယအကြိမ်မြောက် ပင်လုံအစည်းအဝေးကြီးမှာ ရာဇဝင်တွင်မကြုံဖူးသော အစည်းအဝေးကြီးဖြစ်ပါတယ်။ ရှေးအခါက ရှမ်း၊ ဗမာ၊ ကချင်၊ ကရင်၊ ချင်း အမျိုးသားတို့အချင်းချင်း အထင်မှား သဘောကွဲလွဲချက်များရှိသော်လည်း ယခုတော့ ထိုသဘောကွဲလွဲချက်များမရှိတော့ပါဘူး။ ဗမာနှင့် ရှမ်းစသော တောင်တန်းနယ်သားများအားလုံး ကောင်းရာကောင်းကြောင်းအချိန်သို့ ဆိုက်ရောက်လာပါပြီ။

## လွတ်လပ်တဲ့နိုင်ငံကြီးများနဲ့တန်းတူ အောက်မကျအောင် ဆောင်ရွက်နိုင်

“ဒီအစည်းအဝေးကြီးမှာ ကျွန်တော်တို့အချင်းချင်းတွေသွေးကွဲအောင် ခြေထိုးသူတွေရှိကြောင်းကို သိပါတယ်။ သူတို့ရှိပေမယ့် ကျွန်တော်တို့ (မအ)ပါဘူး။ ကျွန်တော်တို့ လိုလားတဲ့ လွတ်လပ်ရေးပန်းတိုင်ကို အသက်နဲ့လဲပြီး ဆွတ်ခူးမယ်ဆိုတာယုံကြည်ပါ။ ချုပ်ချယ်တဲ့ စနစ်ကြောင့်သာ ကျွန်တော်တို့ အောက်ကျနောက်ကျ ဖြစ်ခဲ့ရတာပါ။ ရှေ့အဖို့ လွတ်လပ်တဲ့အခါမှာ အခြားလွတ်လပ်တဲ့နိုင်ငံကြီးများနဲ့တန်းတူ အောက်မကျအောင် ဆောင်ရွက်နိုင်ပါတယ်။ ယခု နယ်ရှင်စော်ဘွားများဟာ အရင်ကလို မဟုတ်တော့ပါဘူး။ တိုင်းပြည်ကိုယ်စားလှယ်တော်များနှင့် တန်းတူပူးပေါင်းကာ ဆောင်ရွက်ကြပါတော့မယ်။

“အထူးအားဖြင့် ဗိုလ်ချုပ် ဦးအောင်ဆန်းကြွရောက်လာပြီး ညီညီညွတ်ညွတ်ဖြစ်အောင် ဆောင်ရွက်ပေးတာကိုလည်း အလွန်ပဲကျေးဇူးတင်ဝမ်းမြောက်ကြပါတယ်။ ရှေ့အဖို့မှာ ဗိုလ်ချုပ်ဦးအောင်ဆန်း၏ အလိုဆန္ဒအတိုင်း တစ်သွေးတစ်သားတည်း ညီညွတ်ကြမည်ကို ယုံကြည်စေလိုပါတယ်”ဟု ပြောကြားခဲ့ပါသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကလည်း “ယခုအစည်းအဝေးကြီးမှာ ရာထူးအားဖြင့် ကျွန်တော်အကြီးဆုံးဖြစ်သော်လည်း အသက်အားဖြင့် အငယ်ဆုံးဖြစ်ပါတယ်။ ကျွန်တော် ဒီကိုရောက်လာတဲ့ကိစ္စ နားလည်တာတစ်ခုပဲရှိပါတယ်။ ဘာလဲဆိုရင် မြန်မာပြည် လွတ်လပ်စေချင်တယ်။ ညီညွတ်စေချင်တယ်။ ကြီးပွားစေချင်တယ်။ ဒီဟာပဲ။ တိုင်းပြည်လွတ်လပ်အောင်၊ ညီညွတ်အောင်၊ ကြီးပွားအောင် ဘယ်လိုလုပ်ရမလဲဆိုတာကို လွန်ခဲ့တဲ့ ၁၀ နှစ်ကစပြီး ကြိုးစားလာခဲ့ပါတယ်။ နောက်လည်း ကြိုးစားပါဦးမယ်။ လုံးလုံးလွတ်လပ်တဲ့ကိစ္စပြီးပြတ်သည်အထိ ကြိုးစားပါမယ်။

“တစ်ခုနားလည်ထားကြဖို့အချက်က ယခုခေတ်ကမ္ဘာကြီးအခြေအနေမှာ ဘယ်တိုင်းပြည်မဆို ကိုယ့်တိုင်းပြည်တစ်ပြည်တည်း အထီးတည်းနေနိုင်တဲ့အခြေမျိုး မရနိုင်ကြပါဘူး။ တစ်ပြည်နဲ့ တစ်ပြည် ပေါင်းစပ်အမှီသဟဲရှိမှ နေနိုင်ကြမယ်ဆိုတဲ့ အချက်ပါပဲ။

“တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြား လုပ်နေကြရင်ဖြင့် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်မယ်” စသည်ဖြင့် မိန့်ကြားခဲ့ပါသည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီတွင်မူ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ရှမ်း၊ ကချင်၊ ချင်း စသော တိုင်းရင်းသားကိုယ်စားလှယ်များ၊ လူထုကိုယ်စားလှယ်များသည် ရာဇဝင်တွင်မည့် “ပင်လုံစာချုပ်”ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ သမိုင်းဝင်ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည့် နေရာတည့်တည့်ပေါ်တွင် အမှတ်တရမော်ကွန်းကျောက်တိုင် စိုက်ထူရန်လည်း ဆုံးဖြတ်ခဲ့ကြရာ ဗိုလ်ချုပ်အောင်ဆန်းက ဖဆပလဥက္ကဋ္ဌအဖြစ် ငွေတစ်ထောင် ပေးအပ်လှူဒါန်းခဲ့ပါသည်။

ဗြိတိသျှနယ်ချဲ့သမားသည် မြန်မာပြည်အား မလွဲမသွေ လွတ်လပ်ရေးပေးရတော့မည်ကို ရိပ်စားမိ၍ တောင်တန်းဒေသများကို ချန်လှပ်ထားနိုင်ရန် အမျိုးမျိုးကြိုးစားခဲ့ကြလေသည်။ မြန်မာပြည်မအား လွတ်လပ်ရေးပေးရသော်လည်း တောင်တန်းဒေသများကို ဆက်လက်အုပ်ချုပ်ထားနိုင်လျှင် ဗြိတိသျှနယ်ချဲ့သမားသည် လွတ်လပ်ခါစ မြန်မာနိုင်ငံကို မိမိတို့စိတ်တိုင်းကျ ကြိုးကိုင်နိုင်မည်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုလျှင် တောင်တန်းဒေသများ မပါသော မြန်မာပြည်လွတ်လပ်ရေးသည် ပြီးပြည့်စုံသော လွတ်လပ်ရေးဖြစ်မည် မဟုတ်ချေ။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် အစိုးရဖွဲ့ပြီးနောက်တွင် တောင်တန်းဒေသများပါမကျန် မြန်မာပြည်တစ်ပြည်လုံး လွတ်လပ်ရေးရရှိရေးအတွက် ကချင်ပြည်နယ် မြစ်ကြီးနားသို့လည်းကောင်း၊ ကရင်နီပြည်နယ် (ယခု ကယားပြည်နယ်) လွိုင်ကော်မြို့သို့ လည်းကောင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့သို့ လည်းကောင်း မနားမနေ သွားရောက်၍တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ရလေသည်။

၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့ နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့နှင့် ၅ မိုင်ဝေးသော(မန်ခင်ရွာ) စာသင်ကျောင်းဝင်းအတွင်း ဂျင်းဖော့အမျိုးသားတို့၏ ဧည့်ခံပွဲ၌ ဗိုလ်ချုပ်က “ကျွန်တော်သည် ဂျင်းဖော့အမျိုးသားများအား မေတ္တာရှိ၍ သွေးသားရင်းချာကဲ့သို့ သဘောထားပါတယ်။ ကရင်အမျိုးသား ခေါင်းဆောင်များကို မေးမြန်းစုံစမ်းကြည့်ပါက သိနိုင်ပါတယ်။ တိုင်းရင်းသားအချင်းချင်းတို့အပေါ်၌ ရင်းချာသောညီအစ်ကိုကဲ့သို့ သဘောထားကြောင်းမှာ အပြောအားဖြင့်သာမဟုတ်၊ အလုပ်သဘောအားဖြင့်လည်း ပြခဲ့ပါပြီ။

## တိုင်းရင်းသားများအပေါ်၌ စေတနာထားပုံ သက်သေတစ်ရပ်

“ကျွန်တော်တို့အစိုးရအဖွဲ့၏ ပေါ်လစီကို ထုတ်ပြန်ကြေညာရာမှာလည်း တောင်တန်းနယ်များတွင် သူ့နယ်နှင့်သူဆိုင်ရာ တိုင်းရင်းသားကိုယ်တိုင်အုပ်ချုပ်၍ မြန်မာပြည်နှင့် စုပေါင်းညီညွတ်စွာရှိရန် ရည်ရွယ်ချက်ရှိကြောင်းကိုလည်း ကြေညာပြီးဖြစ်ပါတယ်။ ဒါဟာလည်း တိုင်းရင်းသားများအပေါ်၌ စေတနာထားပုံ သက်သေတစ်ရပ်ပါပဲ။

“ကျွန်တော်တို့ မြန်မာပြည်အစိုးရဟာ တောင်တန်းနယ်ဆိုင်ရာ တိုင်းရင်းသားတို့၏ ကြီးပွားတိုးတက်ရေးကို အထူးလိုလားပါတယ်။ ယခုတော့ စိတ်တိုင်းကျ လွတ်လပ်ရေးမရသေးတဲ့အတွက် လုပ်ချင်သလောက် မလုပ်ပေးနိုင်ဘဲ ရှိနေရပါသေးတယ်။ ယခုတောင်တန်းနယ်များကို ဘုရင်ခံတစ်ဦးတည်းက တာဝန်ယူအုပ်ချုပ်နေပါတယ်။ ကျွန်တော်တို့ လိုလားချက်က ထိုတောင်တန်းနယ်များဆိုင်ရာ ရှမ်း၊ ဂျင်းဖော၊ ချင်းအမျိုးသားများအား တာဝန်ပေးကာ ဆောင်ရွက်စေရန်ပဲ ဖြစ်ပါတယ်။ ဒီကိစ္စအတွက်လည်း အင်္ဂလိပ်အစိုးရထံမှာ တောင်းဆိုထားဆဲ ရှိပါတယ်။ ယခုလို ဆောင်ရွက်ချက်သည်ပင် ကျွန်တော်တို့က ဂျင်းဖော စတဲ့ တိုင်းရင်းသားတို့အပေါ်မှာ စေတနာကောင်းထားကြောင်း သက်သေများပင်ဖြစ်ပါတယ်။

“ကရင်အမျိုးသားများနဲ့ ချစ်ခင်ရင်းနှီးတဲ့အတွက် ယခုအစိုးရအဖွဲ့တွင် ဝန်ကြီး ၂ နေရာကိုပင် ပေးထားသည်မှာ အထင်အရှားဖြစ်ကာ အခြားအရေးကြီးတဲ့ကိစ္စများကိုလည်း အကူအညီပေးလျက်ရှိနေပါသေးတယ်။ ကျွန်တော်တို့ အစိုးရအဖွဲ့အတွင်း မဝင်ရောက်မီကပင် ကရင်နီနယ်တွင် ဆန်နှင့်ဆား အထူးလိုအပ်စဉ်အခါက ကျွန်တော်တို့ ငွေနှင့်ဝယ်ပြီး ဆန်နှင့်ဆား အမြောက်အမြား ပို့ခဲ့ပါတယ်။

“အထူးသတိပြုစေလိုတဲ့ အချက်တစ်ခုမှာ ကမ္ဘာပေါ်တွင် အရေးပါအရာရောက်နေတဲ့ နိုင်ငံကြီးများပင်လျှင် တစ်ဦးတည်း အပေါင်းအသင်းမရှိဘဲ မနေနိုင်၊ မတည်တံ့နိုင်။ နီးစပ်ရာနိုင်ငံများနှင့် ပူးပေါင်းရေးအတွက် ဆောင်ရွက်ကြိုးစားနေကြရတယ်။ မြန်မာပြည်လည်း နီးစပ်ရာ ပူးပေါင်းဆောင်ရွက်ရပါမယ်။ အားရှိအောင် ဖန်တီးရမယ်။ မြန်မာတိုင်းရင်းသားအချင်းချင်းတို့ စည်းလုံးညီညွတ်ရန်လည်း အထူးအရေးကြီးပါတယ်။ ဂျင်းဖောက တခြား၊ ချင်းက တစ်ဖုံ၊ ရှမ်းက တစ်မျိုး ဆိုသလို အကွဲကွဲအပြားပြားဖြစ်နေလျှင် ဘယ်သူမှ အားကိုးရှိမှာမဟုတ်ဘူး။ ယခုလိုဖြစ်ခဲ့လျှင် ဂျင်းဖောတို့အတွက် ပို၍အရေးကြီးတာကိုလည်း သတိပြုကြစေလိုပါတယ်။ ဒါကြောင့် တသီးတခြားနေလျှင် ဘေးအန္တရာယ်မကင်းသည်ကို သတိပြုကြပြီးလျှင် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုကို အထူးလိုလားကြစေလိုပါတယ်” စသည်ဖြင့် ပြောကြားခဲ့ပေသည်။

စာမျက်နှာ ၇ သို့

❖ “တစ်ခုနားလည်ထားကြဖို့အချက်က ယခုခေတ် ကမ္ဘာကြီးအခြေအနေမှာ ဘယ်တိုင်းပြည်မဆို ကိုယ့်တိုင်းပြည် တစ်ပြည်တည်း အထီးတည်းနေနိုင်တဲ့အခြေမျိုး မရနိုင်ကြပါဘူး။ တစ်ပြည်နဲ့တစ်ပြည် ပေါင်းစပ်အမှီသဟဲရှိမှ နေနိုင်ကြမယ်ဆိုတဲ့ အချက်ပါပဲ

❖ “တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြား လုပ်နေကြရင်ဖြင့် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်မယ်”

# ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၁၀၁၆ ဦးအတွက် ဖန်တီးပေးနိုင်မည့် အလုပ်အကိုင်များခွင့်ပြုပေး

**ရန်ကုန် ဇန်နဝါရီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကင်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ကျင်းပသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ရင်းနှီးမြှုပ်နှံသူ လုပ်ငန်းရှင်များ၏ ထုတ်လုပ်သည့်ပစ္စည်း နမူနာပြသထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြသည်။ (အပေါ်ပုံ)



အစည်းအဝေးတွင် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ဟိုတယ်နှင့် ခရီးသွားကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍနှင့် စက်မှုကဏ္ဍတို့တွင် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ခုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း နှစ်ခု တို့ကို အတည်ပြုပေးခဲ့ပြီး အတည်ပြုပေးခဲ့သည့် လုပ်ငန်းများမှာ ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်း၊ အဆင်သင့် ဖျော်စပ်ပြီးသော ကွန်ကရစ်များ ရောင်းချသည့် ဝန်ဆောင်မှုပေးခြင်းလုပ်ငန်း နှင့် CMP စနစ်ဖြင့် အဝတ်အထည် အမျိုးမျိုးချုပ်လုပ်ခြင်း လုပ်ငန်းတို့ ဖြစ်သည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ မတည်ငွေရင်း ပမာဏမှာ ငွေကျပ်သန်း ၈၀၀ နှင့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၉၃၁ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်း ၁၀၁၆ ဦး အတွက် ဖန်တီးပေးနိုင်ခဲ့ကြောင်းနှင့် အစည်းအဝေးတွင် အထွေထွေ ကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ ခြောက်ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**ဆန်းကျော်ဦး**
**(ပြန်/ဆက်)**

## သမဝါယမအသင်းများက နွားမွေးမြူရေးနှင့်ဆောင်းဆီထွက်သီးနှံ နေကြာစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်

**မအူပင် ဇန်နဝါရီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ရေလဲကလေး ကျေးရွာအုပ်စု စည်ပင်ကုန်းကျေးရွာဖွံ့ဖြိုးအောင် စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းမှ နွား ၁၄ ကောင် တန်ဖိုးငွေကျပ် ၁၈၉ ဒသမ ၅ သိန်း မွေးမြူခြင်းလုပ်ငန်းနှင့် မြို့နယ်သမဝါယမအသင်းစုမှ ဆောင်းဆီထွက်သီးနှံနေကြာ ငါးဧက စိုက်ပျိုးပြီးစီးမှုများကို မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ယာပုံ)

**သတင်းစဉ်**



*စာမျက်နှာ ၆ မှ*

၁၉၄၆ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် နံနက်က ညောင်ရွှေစော်ဘွားကြီး၏ စီစဉ်မှုဖြင့် ကျင်းပသော လူထုတရားပွဲကြီးတွင်လည်း ဗိုလ်ချုပ်က **“မြန်မာပြည်မှာတော့ မကြာမီလွတ်လပ်ရေးရတော့မယ်။ ရှမ်းပြည်နယ်ကိုတော့ အင်္ဂလိပ်က ခြေကုပ်ထားပြီး အခွင့်ရေးတွေကို သူတို့လက်ထဲမှာထားဖို့ စိတ်ကူးရှိနေကြတယ်။ ကျွန်တော်တို့က ရှမ်းပြည်နယ်ကို လွတ်လပ်စေချင်တယ်။ လွတ်လပ်တယ်ဆိုတာမှာလည်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ နိုင်ငံခြားအစိုးရက ချုပ်ချယ်မှုမရှိစေတဲ့ လွတ်လပ်မှုမျိုးကို ဆိုလိုတယ်။ ယခုနှယ်အခါမှာ တိုင်းရင်းသားအချင်းချင်းတွေ ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ဖို့ အရေးကြီးတယ်။ ကျွန်တော်တို့အချင်းချင်းတွေ သာမက အာရှတိုက်တိုင်းပြည်နိုင်ငံများပင် ပေါင်းစုဖို့ဟာ အရေးကြီးတယ်”**စသည်ဖြင့် မိန့်ကြားခဲ့ပါသည်။

၁၉၄၇ ခုနှစ် မတ် (၄၊ ၅၊ ၆)ရက်နေ့များတွင် ထီးလင်းမြို့၌ ကျင်းပခဲ့သော ချင်း-မြန်မာ ချစ်ကြည်ရေးအစည်းအဝေးကြီးတွင်လည်း ဗြိတိသျှနယ်ချဲ့စနစ်အောက်မှ လွတ်မြောက်ရန် ချင်း၊ မြန်မာ အမျိုးသားများ သွေးစည်းညီညွတ်ကာ ဆောင်ရွက်ကြမည်။ ဗြိတိသျှနယ်ချဲ့သမားတို့က မည်သို့ပင် သွေးခွဲစေကာမူ ချင်း၊ မြန်မာအမျိုးသားတို့ စိတ်ဝမ်းမကွဲဘဲ ဆောင်ရွက်ကြမည်။ လွတ်လပ်ပြီးသော မြန်မာပြည်ရိပ်မြုံကြီးတွင် တာဝန်ခွဲဝေ လုပ်ကိုင်ကြရာ၌လည်းကောင်း၊ အကျိုးခံစားမှုများ၌လည်းကောင်း ချင်း၊ မြန်မာ ခွဲခြားမှုမရှိဘဲ ဆောင်ရွက်သွားကြမည်ဟူသော အဓိကအချက်ကြီးများကို လေးနက်ယုံကြည်စွာ အဓိဋ္ဌာန်ပြုခဲ့ကြ၏။ ချင်း-မြန်မာ ချစ်ကြည်ရေးအစည်းအဝေးကြီးကို ဗိုလ်ချုပ်ကိုယ်စား အာဇာနည်ခေါင်းဆောင်ကြီး ဒီးဒုတ်ဦးဘချိုနှင့် သခင်ဝတင်တို့ တက်ရောက်ခဲ့ကြသည်။

မြစ်ကြီးနားမှအစ ရခိုင်ပါမကျန် မြိတ်မြို့အဆုံး မြန်မာပြည်တစ်ပြည်လုံး ခရီးပြင်းထွက်နေသည့်ကြားမှ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာပြည်အနောက်မြောက် နယ်စပ်ရှိ ချင်းပြည်နယ်(မြောက်ပိုင်း)နှင့် နာဂနယ်များကို မရောက်သေး၍ **‘ဟာ – ချင်းတောင်နဲ့ နာဂနယ်ကလူတွေနဲ့ တွေ့ဦးမှပဲ။ သူတို့နယ်တွေကို ပစ်ထားရာကျနေပြီ’**ဟုဆိုကာ ခရီးစဉ်အတွက် ပြင်ဆင်စီစဉ်ခိုင်းခဲ့သေးသည်။

သို့ရာတွင် ရန်ကုန်ရှိ လုပ်ဖော်ကိုင်ဖက်ရဲဘော်များ၊ မိတ်ဆွေများက ရန်ကုန်မြို့မှာလည်း အရေးတကြီးအလုပ်တွေ ရှိသေးသည်။ မေမြို့(ယခု ပြင်ဦးလွင်)မှာ တောင်တန်းနယ် စုံစမ်းရေးကော်မတီ ရှိသေးသည်။ ခရီးဝေးကြီးကို သီတင်းကျွတ်မှ သွားပါဟု ဝိုင်း၍ဖျက်ကြသောအခါ ဗိုလ်ချုပ်က အလျှော့ပေးရကာ ၁၉၄၇ ခုနှစ် ဧပြီလ ၁၈ ရက်နေ့တွင် အထက်ချင်းတွင်းမဟုတ်ဘဲ မေမြို့သို့ နောက်ဆုံးအကြိမ် နယ်လှည့်ခရီးထွက်ခဲ့ရရှာသည်။

### လွတ်လပ်သော ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံ ပေါ်ထွန်းလာခဲ့သည်အထိ စွမ်းဆောင်နိုင်ခဲ့

မြန်မာ့လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ ပုဂ္ဂိုလ်ရေး ချစ်ကြည်ရင်းနှီးခင်မင်မှုများသည် ပင်လုံမြေကို သက်သေတည်၍ လွတ်လပ်သော ပြည်ထောင်စုနိုင်ငံတစ်နိုင်ငံ ပေါ်ထွန်းလာခဲ့သည်အထိ စွမ်းဆောင်နိုင်ခဲ့သည်ဟု ဆိုရပါမည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို တိုင်းရင်းသားခေါင်းဆောင်များက အသည်းစွဲချစ်ခင်လေးစားခဲ့ကြခြင်းမှာ ဗိုလ်ချုပ်၏ ရိုးသားပွင့်လင်းမှုနှင့် တောင်ပေါ်မြေပြန့်မကျန် ပြည်ထောင်စုကြီးတစ်ခုလုံး လွတ်လပ်ရေးရယူလိုသည့် သူ၏စေတနာတို့ကြောင့်ဖြစ်သည်။

ကရင်တိုင်းရင်းသားခေါင်းဆောင်ကြီး စောစံဖိုးသင် (လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီး)ဆိုလျှင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဝန်ကြီးများ လုပ်ကြံခံခဲ့ရသည့် ဇူလိုင် ၁၉ ရက်တွင် ခရီးလွန်နေ၍ အသက်ဘေးမှ သီသီကလေး လွတ်သွားရသော်လည်း သူ၏ချစ်မိတ်ဆွေကြီး ဗိုလ်ချုပ်နှင့် လည်ပင်းဖက်၍ မသေလိုက်ရသည်ကို ဝမ်းနည်းမဆုံးဖြစ်ရသည်ဟု ဆိုပါသည်။

**“ကျွန်တော့်ကိုယ်စား ဦးအုန်းမောင် ဝင်ခံရခြင်းနှင့် ကျွန်တော်သေဘေးလွတ်ခဲ့ခြင်းအတွက် ဝမ်းမသာမိပါ။ ဦးအုန်းမောင်အတွက် နမြောတသ မဆုံးဖြစ်ရသလိုပင် ကျွန်တော့်မိတ်ဆွေ ဗိုလ်ချုပ်အောင်ဆန်းနှင့် လည်ပင်းဖက်၍ မသေလိုက်ရသောကြောင့် ဝမ်းနည်းနေပါသည်။ ကျွန်တော်ပါ ရောသေလိုက်ရလျှင် ဗိုလ်ချုပ်အတွက် ဤမျှပူဆွေးနေရမည် မဟုတ်ဟုတွေးမိသည်။ ယခုတော့ ကျွန်တော်သည် ကြေကွဲဝမ်းနည်းမဆုံးဖြစ်၍ ဗိုလ်ချုပ်ကျဆုံးသော နေရာကြမ်းပြင်၌ ထိုင်ချပြီး ငိုနေမိပါတော့သည်”**ဟု တက္ကသိုလ် စိန်တင်၏ **“မြန်မာ့နိုင်ငံရေးဇာတ်ခုံမှ စောစံဖိုးသင်”**စာအုပ်တွင် ဖော်ပြခဲ့ပါသည်။

ထို့အတူပင် ကချင်တိုင်းရင်းသားခေါင်းဆောင်ကြီး ဆမားဒူးဝါးဆင်ဝါးနောင်မှာလည်း အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးလေသောအခါ ဗိုလ်ချုပ်အောင်ဆန်း ရုပ်ကလာပ်ထားရှိရာ ဂျူဗလီဟောသို့ လာရောက်ဂါရဝပြုရင်း မျက်ရည်ဖြိုင်ဖြိုင်ကျခဲ့ရသည်အထိ စိတ်ထိခိုက်ခဲ့လေသည်။

ကချင်တိုင်းရင်းသားခေါင်းဆောင်ကြီး ဆမားဒူးဝါးဆင်ဝါးနောင်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများကျဆုံး၍ တိုင်းပြုပြည်ပြုလွှတ်တော်၏ ကြေကွဲဝမ်းနည်းကြောင်းအဆိုကိုလည်း အခြားတိုင်းရင်းသားခေါင်းဆောင်များဖြစ်သည့် ညောင်ရွှေစော်ဘွား၊ ချင်းတိုင်းရင်းသားခေါင်းဆောင် ဦးဝမ်ကိုဟော၊ ကရင်တိုင်းရင်းသားခေါင်းဆောင် စောစံဖိုးသင်တို့နှင့်အတူ ထောက်ခံဆွေးနွေးပြောဆိုခဲ့ကြပါသည်။

ချင်းတိုင်းရင်းသားခေါင်းဆောင်နှင့် ဝန်ကြီးဖြစ်သူ ဦးဝမ်ကိုဟောကလည်း **“ချင်းအမြင်နှင့် ဗိုလ်ချုပ်”**ဆောင်းပါးတွင် **“ဗိုလ်ချုပ်အောင်ဆန်း နယ်စပ်ဒေသရှိ တိုင်းရင်းသူ တိုင်းရင်းသားများနှင့် အဆက်အသွယ်ပြုလုပ်ရသည်မှာ မကြာလှသော်လည်း ဗိုလ်ချုပ်သည် လူမသမာများ၏ လုပ်ကြံခြင်းမခံရမီ ထိုဒေသများ၏တိုးတက်ရေးစီမံကိန်း အုတ်မြစ်များကို ချပြီးခဲ့လေသည်။ ဆိုရန်တိုဗီလာတွင် နေ့စဉ်ကျင်းပခဲ့သည့် ကွန်ဖရင့်များတွင် ဗိုလ်ချုပ်သည် ထိုဒေသများ၏လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျောက်မီးသွေးတူးဖော်ရေးနှင့် စပ်လျဉ်းသည့် ကိစ္စများအပြင် စစ်ဘက်ဆိုင်ရာ အရပ်ရပ်ကိုလည်း ဆွေးနွေးခဲ့လေသည်။**

**နယ်စပ်ဒေသများ၏ တိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်ရေးနှင့် ပညာရေးသည် အထူးသဖြင့် ချင်းနှင့် ကချင်ပြည်နယ်များအတွက် အရေးကြီးဆုံးအချက်များဖြစ်သည်ဟု ဗိုလ်ချုပ်က အမြဲပြောဆိုခဲ့လေသည်”** စသည်ဖြင့် ရေးသားခဲ့သည်။

ပြည်ထောင်စုနိုင်ငံဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ ပါလီမန်ဒီမိုကရေစီခေတ်တွင် ဒုတိယဝန်ကြီးချုပ်နှင့် ဝန်ကြီးဖြစ်သူ ဖဆပလ ဦးကျော်ငြိမ်းက **“လွတ်လပ်တဲ့ မြန်မာနိုင်ငံကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရယ်လို့ ကမ္ဗည်းထိုးခဲ့ကြပါတယ်။ ပြီးတော့ ပြည်ထောင်စုနေ့ရယ်လို့လည်း ဒုတိယညီလာခံမှာ သဘောတူလက်မှတ်ရေးထိုးတဲ့ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ကိုအစွဲပြုပြီး နှစ်စဉ်ခမ်းခမ်းနားနား ကျင်းပပါတယ်။**

**“နိုင်ငံရဲ့ပြဿနာ၊ လူမျိုးရဲ့ပြဿနာဆိုတာ မလွယ်လှပါဘူး။ အတွေးအခေါ် အမြော်အမြင်မရှိဘဲ၊ စိတ်လိုက်မာန်ပါ ပြောဆိုလုပ်ကိုင်ကြမယ်ဆိုရင် ဘေးဒုက္ခဆိုးတွေနဲ့ ကြုံတွေ့ရတတ်သော ကမ္ဘာ့သမိုင်းမှာ ထင်ထင်ရှားရှားတွေ့ရပါတယ်။**

**“ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ခေါင်းဆောင်အသီးသီးက မိမိတို့ကွဲလွဲတဲ့ အယူအဆတွေကို အကြိမ်ကြိမ်အဖန်ဖန် ဖော်ထုတ်ခြင်း၊ ဆွေးနွေးခြင်းဖြင့် နားလည်မှုရအောင် ယူသူကယူ၊ နားလည်မှုမရအောင် ရည်ရွယ်ချက်ဖြင့် သွေးခွဲသူကခွဲဆိုတော့ သဘာဝအဖြစ်အပျက်တွေထဲမှာ ရှန်းကန်ရပါတယ်။ စားပွဲဝိုင်းမှာညှိနှိုင်းပြီး သဘောတူညီမှုရနိုင်သမျှ ရအောင် သည်းခံစိတ်ရှည်ဆွေးနွေးရတာပဲ။ အဲဒါဟာ ဒီမိုကရေစီရဲ့ အနှစ်သာရ ဖြစ်ပါတယ်”**ဟူသည့် မိန့်ဆိုချက်ကလည်း ဒီမိုကရေစီကို လိုလားသူတိုင်းအတွက် မှတ်သားဖွယ်ကောင်းလှပါသည်။

သို့ဖြစ်ရကား ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခါသမယတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားများသည် တစ်ချိန်က အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ ချမှတ်ခဲ့သော ပြည်ထောင်စုစိတ်ဓာတ်နှင့် **“ညီညွတ်ရေးနဲ့ အသက်ရှည်ရှည်၊ ခင်ခင်မင်မင်၊ လက်ရေတပြင်စီး၊ ရှေးကတော့ ပိုချစ်ကြတယ်”**ဟူသည့် ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှုတို့ကို ပြန်ပြောင်းအမှတ်ရကြပြီး တိုင်းရင်းသားအပေါင်း လိုလားတောင့်တလျက်ရှိသော ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်သစ်ကြီးကို စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် တည်ဆောက်ကြပါစို့။ ။

**ကိုးကား – မောင်ဝံသ၏ “မာရယ်တီတိုးနိုင်ငံရေး အတ္ထုပ္ပတ္တိ”**

# ဒီလို ပြပွဲတွေ၊ ပြိုင်ပွဲတွေက ကျွန်တော်တို့ တိုင်းဒေသကြီးရဲ့ MSME လုပ်ငန်းတွေကို အများကြီး အထောက်အကူပြုပါတယ်

**ဦးတင်ဦး(စီးပွားရေးရာဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့)**

**နေပြည်တော် ဇန်နဝါရီ ၂၉**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပြပွဲပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ MSME ထုတ်ကုန်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများ၊ ရိုးရာအစားအစာများ ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်သည့်အပြင် ဂီတဖျော်ဖြေပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲအတွင်း တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဒေသထွက် MSME ထုတ်ကုန်များ၊ ရိုးရာအစားအစာများကို တစ်နေရာတည်းတွင် လေ့လာဝယ်ယူနိုင်ပြီး တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုလည်း လေ့လာနိုင်မည်ဖြစ်ရာ ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခဲ့သည်များကို စုစည်းဖော်ပြလိုက်ရပါသည်-



ဦးတင်ဦး (စီးပွားရေးရာဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့)



ဦးတင်အေး (စီးပွားရေးရာဝန်ကြီး၊ ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့)



ဦးဝင်းဦး (ညွှန်ကြားရေးမှူး၊ နေပြည်တော်ကောင်စီ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန)

**ဦးတင်ဦး(စီးပွားရေးရာဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့)**

ကျွန်တော်တို့ တိုင်းဒေသကြီးအနေနဲ့ ဒေသတွင်းက MSME လုပ်ငန်းတွေရဲ့ ထုတ်ကုန်တွေကို ပါဝင်ပြသမှာဖြစ်ပါတယ်။ ပြီးတော့ MSME ထုတ်ကုန်ပြိုင်ပွဲမှာလည်း ပါဝင်သွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ရဲ့ ညွှန်ကြားမှုနဲ့အညီ တိုင်းဒေသကြီး ကိုယ်စားပြုပြခန်းပြသနိုင်ဖို့ ကျွန်တော်ကိုယ်တိုင်ဦးစီးပြီး လုပ်ငန်းတွေ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ပြခန်းပြင်ဆင်ရေးလုပ်ငန်းတွေကို ဖေဖော်ဝါရီ ၅ ရက်အမီ ပြီးစီးအောင် ဆောင်ရွက်နေပါတယ်။ ရိုးရာအစားအစာ၊ ဒေသအစားအစာ အရောင်းပြခန်းလည်း ပါဝင်မှာ ဖြစ်ပါတယ်။

ဟင်္သာမောင်နှံ၊ ကမ္ဘောဇသာဒီနန်းတော် စတဲ့ ပဲခူးတိုင်းဒေသကြီးရဲ့ အထိမ်းအမှတ် သင်္ကေတတွေနဲ့ ပြခန်းကို တိုင်းဒေသကြီးကိုယ်စားပြု ဖော်ဆောင်နိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီးအနေနဲ့ ဝါ၊ ဝါး၊ ရော်ဘာ၊ ကော်ဖီ၊ သစ်သီးထုတ်ကုန်တွေနဲ့ ပတ်သက်တဲ့ ထုတ်ကုန်တွေကို ထည့်သွင်းပြသသွားမှာ ဖြစ်ပါတယ်။ တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးနဲ့ မွေးမြူရေးက ထွက်ရှိတဲ့ ကုန်ကြမ်းကို အခြေခံတဲ့ထုတ်ကုန်တွေကို တန်ဖိုးမြင့်ထုတ်ကုန်တွေအဖြစ် ပြောင်းလဲပြီး သွင်းကုန်အစားထိုးနဲ့ ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရေး ဆောင်ရွက်နေတဲ့ ဒေသက MSME လုပ်ငန်းတွေ၊ MSME တီထွင်ဆန်းသစ်မှုလုပ်ငန်းတွေ၊ စက်မှုလက်မှုနဲ့ ထုတ်ကုန်ပစ္စည်းတွေ ပါဝင်ပြသသွားမှာဖြစ်ပါတယ်။

အသေးစား၊ အငယ်စား၊ အလတ်စား လုပ်ငန်းရှင်တွေအပြင် ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region One Product) လုပ်ငန်းတွေလည်း ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပြီးတော့ သက်ဆိုင်ရာပြိုင်ပွဲကျင်းပရေးကော်မတီကနေ စံသတ်မှတ်ချက်တွေ သတ်မှတ်ပေးပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီးက ခင်းကျင်းပြသမယ့် ထုတ်ကုန်အမျိုးအစားက ၄၄ မျိုးရှိပြီး ပစ္စည်းအမယ်ပေါင်းက ၅၇၀ ကျော် ပါဝင်မှာဖြစ်ပါတယ်။ ဒီလို ပြပွဲတွေ၊ ပြိုင်ပွဲတွေက ကျွန်တော်တို့ တိုင်းဒေသကြီးရဲ့ MSME လုပ်ငန်းတွေကို အများကြီး အထောက်အကူပြုပါတယ်။ လာရောက်ရောင်းချတဲ့ လုပ်ငန်းရှင်တွေအနေနဲ့လည်း တစ်ဦးနဲ့တစ်ဦး ချိတ်ဆက်မိပြီး ဈေးကွက်ကျယ်ပြန့်စွာ ရရှိစေမှာပဲ ဖြစ်ပါတယ်။

**ဦးတင်အေး (စီးပွားရေးရာဝန်ကြီး၊ ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့)**

ကျွန်တော်တို့ ရောဝတီတိုင်းဒေသကြီးအနေနဲ့ တိုင်းဒေသကြီးရဲ့ ထုတ်ကုန်တွေဖြစ်တဲ့ ပုသိမ်ထီး၊ ပုသိမ်ဟာလဝါ၊ ကြိမ်၊ ဝါး၊ ဖေဒါ လက်မှုထုတ်ကုန်တွေနဲ့ ခါတုကင်းလွတ် ရောဝတီပေါ်ဆန်းဆန်ကို အထူးထုတ်ကုန်အနေနဲ့ ပြသသွားမှာဖြစ်ပါတယ်။ (One Region One Product–OROP) ဒေသတစ်ခု ထုတ်ကုန်တစ်ခုအနေနဲ့ ရေကြည်မြို့နယ်မှာ ခါတုကင်းလွတ်ရောဝတီပေါ်ဆန်းဆန်ကို ထုတ်လုပ်နေပါတယ်။ ကျုံပျော်မြို့နယ်မှာ ကိုယ်တိုင်စိုက်၊ ကိုယ်တိုင်ထုတ်တဲ့ ပီလောပီနံစိုက်ခင်းရှိပြီး ထုတ်လုပ်နေပါတယ်။ မအူပင်မြို့နယ်မှာ သားငါးမွေးမြူထုတ်လုပ်မှုတွေ၊ ဖျာပုံမြို့နယ်မှာ ပြည်ပတင်ပို့မှုအတွက် ပေါင်းဆန်လုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။ လပွတ္တာမြို့နယ်မှာ ကဏန်းပျော့လုပ်ငန်းကို OROP အနေနဲ့ ထုတ်လုပ်နေတာတွေရှိပါတယ်။

ဒီပြပွဲပြိုင်ပွဲတွေက တိုင်းဒေသကြီးရဲ့ MSME လုပ်ငန်းတွေကို များစွာ အထောက်အကူပြုပြီး ဖွံ့ဖြိုးတိုးတက်လာစေမှာဖြစ်ပါတယ်။ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ လုပ်ငန်းရှင်တွေက တစ်နိုင်ငံလုံးက လုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံရတဲ့အတွက် အတွေးသစ်၊ အမြင်သစ်တွေ ရရှိလာမယ်။ သူတို့ရဲ့ ကုန်ထုတ်လုပ်ငန်းတွေကို ဘယ်လောက်အထိ စွမ်းအားမြင့်ထုတ်လုပ်နိုင်မယ်ဆိုတဲ့ နည်းပညာအသစ်အဆန်းတွေ တွေ့လာမယ်။ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်က စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းတွေကို တွေ့မြင်လာပြီး အတုယူဆောင်ရွက်လာနိုင်မယ်။ အထူးသဖြင့် ဈေးကွက်အသစ်တွေ ထပ်မံရရှိလာပြီး အချင်းချင်း ပေါင်းစပ်ဖလှယ်နိုင်တဲ့အတွက် တိုင်းဒေသကြီးရဲ့ MSME လုပ်ငန်းတွေက ဒီပြပွဲပြိုင်ပွဲကြောင့် တိုးတက်လာမှာဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီးပြခန်းမှာ ပုသိမ်စက်မှုဇုန်က ဖန်တီးထုတ်လုပ်ထားတဲ့ လက်ဆွဲကောက်စိုက်စက်တွေ၊ ပန်းတနော်မြို့နယ်က ထုတ်လုပ်ထားတဲ့ ခြွေလှေ့စက်တွေ၊ ဖျာပုံမြို့နယ်က အစေ့ချစက်တွေကိုလည်း ပြသရောင်းချသွားမှာဖြစ်ပါတယ်။ MSME လုပ်ငန်းတွေက တစ်နိုင်ငံလုံးမှာ ပျံ့နှံ့တည်ရှိနေပြီး သူ့ဒေသ၊ ကိုယ့်ဒေသ ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။ နိုင်ငံတော်က အခုလို စေတနာထားပြီး တစ်နိုင်ငံလုံးက MSME လုပ်ငန်းတွေကို စုစည်းပြီးပြသလိုက်တဲ့အခါ လုပ်ငန်းရှင်အချင်းချင်း နီးစပ်သွားတယ်။ တစ်ဦးနဲ့တစ်ဦး အမြင်ချင်းဖလှယ်၊ အသိချင်းဖလှယ်ပြီး ဆောင်ရွက်နိုင်တဲ့အတွက် MSME လုပ်ငန်းကဏ္ဍတစ်ခုလုံး များစွာ အကျိုးကျေးဇူးရရှိသွားမှာ ဖြစ်ပါတယ်။

**ဦးဝင်းဦး(ညွှန်ကြားရေးမှူး၊ နေပြည်တော်ကောင်စီ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန)**

ကျွန်တော်က ဖွင့်ပွဲအခမ်းအနား၊ ဆုချီးမြှင့်ခြင်းနဲ့ ဖျော်ဖြေရေးဆပ်ကော်မတီရဲ့ တွဲဖက်အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်ရပါတယ်။ ဖွင့်ပွဲနေ့အပါအဝင် ပိတ်ပွဲနဲ့ ဆုချီးမြှင့်ပွဲတွေပါဝင်ပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီး လွန်ခဲ့တဲ့ တစ်လလောက်ကတည်းက ကြိုတင်ပြင်ဆင်နေတာ အခုဆိုရင် ၇၅ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါတယ်။ နေပြည်တော်ကောင်စီအနေနဲ့ အဓိကအားဖြင့် ပြည်တွင်းကုန်ကြမ်းကို အခြေခံပြီး ထုတ်လုပ်တဲ့ ထုတ်ကုန်တွေ၊ သွင်းကုန်အစားထိုးလုပ်ငန်းတွေ၊ ပြည်ပတင်ပို့နေတဲ့လုပ်ငန်းတွေ၊ စိုက်ပျိုး၊ မွေးမြူရေးကို အခြေခံတဲ့ ထုတ်ကုန်ပစ္စည်းတွေ၊ (One Region One Product –OROP) ဒေသတစ်ခု ထုတ်ကုန်တစ်ခု စတာတွေကို အခြေခံပြီး ပြသသွားမှာ ဖြစ်ပါတယ်။ လုပ်ငန်းရှင် ၅၃ ဦးက ထုတ်ကုန်အမယ် ၂၀၀ ကျော်၊ ၃၀၀ နီးပါး ပါဝင်ပြသရောင်းချမှာ ဖြစ်ပါတယ်။ တပေါင်းကွင်းမှာ လာမယ့် ဖေဖော်ဝါရီ ၈ ရက်အမီ အကြိုလေ့ကျင့်ခင်းကျင်းမှာဖြစ်ပါတယ်။ နေပြည်တော်အနေနဲ့ ထူးခြားမှုက အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ မရှိသေးတဲ့ စပါးမျိုးစေ့တွေပြသမယ်။ လယ်ယာသုံးစက်ကိရိယာတွေကို တီထွင်ဆန်းသစ်မှုအနေနဲ့ မျိုးစေ့ချစက်တွေကို နေပြည်တော် လယ်ဝေးမှာ ထုတ်လုပ်နေတာဖြစ်ပြီး ဒါတွေကို ဒီပွဲမှာ ခင်းကျင်းပြသမှာဖြစ်ပါတယ်။ ဒီနှစ်မှာ ထူးထူးခြားခြားစီစဉ်ထားတာက ပရိသတ်ကို ဆွဲဆောင်မှုအနေနဲ့ ညနေပိုင်းဖျော်ဖြေရေးအစီအစဉ်တွေမှာ နေ့စဉ် နာမည်ကျော်အနုပညာရှင်တစ်ဦးစီက တေးဂီတအဖွဲ့တွေနဲ့ တွဲဖက်သီဆိုဖျော်ဖြေမှာ ဖြစ်ပါတယ်။ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို MSME ထုတ်ကုန်ပြပွဲပြိုင်ပွဲအတွက် ရည်ရွယ်ပြီး MSME နဲ့ သက်ဆိုင်တဲ့ အနှစ်သာရတွေပါဝင်တဲ့ သီချင်းအသစ်ရေးစပ်ထားပြီး ဒီသီချင်းကို အကအလှတွေနဲ့ တွဲဖက်ဖျော်ဖြေ တင်ဆက်မှာဖြစ်ပါတယ်။ MSME ပြပွဲပြိုင်ပွဲမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက စုစည်းလာရောက်ကြမယ်။ ကုမ္ပဏီတွေလည်းပါမယ်။ အသင်းအဖွဲ့တွေလည်း ပါဝင်မယ်။ Business Matching တွေလည်း ပါဝင်တဲ့အတွက် တစ်ဦးနဲ့တစ်ဦး ပိုမိုချိတ်ဆက်ဆောင်ရွက်နိုင်လာမယ်။ ဒါ့အပြင် ပြည်သူတွေ မသိသေးတဲ့ အမယ်သစ်တွေကို ဈေးကွက်အတွင်း မိတ်ဆက်ထိုးဖောက်နိုင်လာမယ်စတဲ့ စီးပွားရေးအခွင့်အလမ်းတွေကိုလည်း ရရှိလာမှာဖြစ်ပါတယ်။

**ဝင်းဝင်းမင်း**
**ဓာတ်ပုံ - ဖိုးပြည့်စုံ**

◆ *ရွှေဖုံးမှ*

(၂၃)ကြိမ်မြောက် ထမနဲထိုးပြိုင်ပွဲကို တပို့တွဲလဆန်း ၁၄ ရက် ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၇ နာရီတွင် စေတီတော်ရှိ မဟာဗောဓိရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကာ ပြိုင်ပွဲတွင် ရွှေဆံတော် ဂေါပကအဖွဲ့၊ ရုံးဝန်ထမ်းများအဖွဲ့ (၁)ဖွဲ့နှင့် ဝေယျာဝစ္စအသင်းအဖွဲ့ ခြောက်ဖွဲ့တို့က ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ယင်းပြိုင်ပွဲဝင်အသင်းအဖွဲ့များ၏ ယှဉ်ပြိုင်မှုကို ဒိုင်အဖွဲ့ဖြင့် အမှတ်ပေးရွေးချယ်ပြီး တာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုများ ချီးမြှင့်ပေးအပ်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲမှ ထမနဲများကို တပို့တွဲလပြည့်နေ့တွင် ဗုဒ္ဓမြတ်စွာအား အရဏ်ထမနဲဆွမ်းကပ်လှူခြင်းနှင့် စေတီတော် ကျားပျံမွှာရုံ၌ ရပ်ဝေးရပ်နီးဘုရားဖူးလာပြည်သူများအား စတုဒိသာကျွေးမွေးလှူဒါန်းမည်ဖြစ်သည်။

ယင်းနောက် ဖေဖော်ဝါရီ ၁၂ ရက် တပို့တွဲလပြည့်နေ့နံနက် အရုဏ်တက်ချိန်တွင် နှစ်စဉ်ကျင်းပမြဲအတိုင်း တောင်ဘက်စောင်းတန်း “ဝလေးလုံး”စေတီတော်အနီး၌ (၁၀၁)ကြိမ်မြောက် ညံ့ရိုးမီးပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်၍ ဘုရားဖူးလာပြည်သူများက စေတီတော်မြောက်စောင်းတန်းဘက်၌ ကျေးလက်တောင်သူများ ကိုယ်တိုင် လာရောက်ရောင်းချပေးလျက်ရှိသော ပြည်ဒေသထွက် ညံ့ရိုးပင်များဖြင့် ဗုဒ္ဓမြတ်စွာဘုရားရှင်အား ညံ့ရိုးမီးပူဇော်ကြမည်ဖြစ်သည်။

ညံ့ရိုးမီးပူဇော်ပွဲသည် ချမ်းအေးလွန်းလှသည့် ဆောင်းရာသီတွင် ဗုဒ္ဓမြတ်စွာဘုရားရှင်အား အလင်းဓာတ်နှင့် အနွေးဓာတ်လှူဒါန်းသည့်အနေဖြင့် ရည်ရွယ်ကျင်းပလာခဲ့ခြင်းဖြစ်ကြောင်းသိရပြီး ညံ့ရိုးမီးပူဇော်ခြင်းဖြင့် ဉာဏ်အမြော်အမြင်ကြီးမားခြင်း၊ ထိုးထွင်းဉာဏ်ကောင်းမွန်ခြင်းနှင့် ဆုတောင်းပြည့်ဝခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်ကြောင်း ဒေသခံများက လက်ခံယုံကြည်ကြကာ အဆိုပါညံ့ရိုးမီးပူဇော်ပွဲကို မြန်မာနိုင်ငံတစ်နိုင်ငံလုံး၌ ပြည်မြို့တစ်မြို့တွင်သာ ထူးခြားစွာ နှစ်စဉ်ကျင်းပလာခဲ့သည်မှာ (၁၀၁)ကြိမ်မြောက် ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်းနှင့် ရပ်ဝေးရပ်နီးမှ ပြည်သူများအနေဖြင့် ရွှေဆံတော်စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရင်း ပြည်မြို့၏ထူးခြားလှသည့် ဘာသာရေးဆိုင်ရာဒြပ်မဲ့ယဉ်ကျေးမှု ညံ့ရိုးမီးပူဇော်ပွဲတွင် လာရောက်ကုသိုလ်ပြုပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဖွဲ့နုဆီနှင့် စားသုံးဆီထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်) တည်ဆောက်ရေးလုပ်ငန်းခွင် ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၂၉**

နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်းကျေးရွာရှိ မြန်မာနိုင်ငံ လယ်ယာစီးပွားရေးအများပိုင် ကော်ပိုရေးရှင်းလီမိတက် (MAPCO) ဆန်စက်ဝင်းအတွင်း၌ တည်ဆောက်နေသည့် Myanmar Rice Bran Oil Co.,Ltd. ဖွဲ့နုဆီနှင့် စားသုံးဆီထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဖွဲ့နုဆီနှင့် စားသုံးဆီထုတ်လုပ်ရေးစက်ရုံတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံ လယ်ယာစီးပွားရေး အများပိုင် ကော်ပိုရေးရှင်း လီမိတက် (MAPCO) ရုံးခန်းအတွင်း၌ တာဝန်ရှိသူများက ဖွဲ့နုဆီစက်တည်ဆောက်ရေး လုပ်ငန်းများ၊ တည်ဆောက်ပြီးစီးပါက လုပ်ငန်းလည်ပတ်မည့် အခြေအနေများ၊ ဆီထုတ်လုပ်နိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော် ကောင်စီဥက္ကဋ္ဌက တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ ကုန်ကြမ်းများ လုံလောက်စွာရရှိရေး၊ ပြည်တွင်း၌ စားသုံးဆီဖူလုံရေးနှင့် နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးတို့ကိုမှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတရွေးကောက်ပွဲသို့ သွားရောက်လေ့လာခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၉**

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၆ ရက်က ပြုလုပ်ခဲ့သည့် ဘယ်လာရုစ်သမ္မတရွေးကောက်ပွဲသို့ နိုင်ငံတကာ စောင့်ကြည့်လေ့လာရေးအဖွဲ့အဖြစ် သွားရောက်လေ့လာခဲ့ကြသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်စောဝင်းနှင့် ဦးမြင့်သိန်းတို့သည် ဇန်နဝါရီ ၂၁ ရက်မှ ၂၅ ရက် အထိ ပြုလုပ်သည့် ကြိုတင်မဲပေးခြင်း လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုကို လေ့လာခဲ့ပြီး ဇန်နဝါရီ ၂၄ ရက်တွင် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ Mr. Igor Karpenko နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

**ရှင်းလင်းပွဲများတက်ရောက်**

ထို့ပြင် ကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုသတင်းအချက်အလက်နှင့် လေ့လာစောင့်ကြည့်ရေးစင်တာ ဖွင့်ပွဲနှင့် ဗဟိုရွေးကောက်ပွဲကော်မရှင်မှ ဆောင်ရွက်သည့် သတင်းစာ ရှင်းလင်းပွဲများသို့ တက်ရောက်ခဲ့ပြီး ရွေးကောက်ပွဲနေ့တွင် မဲရုံများသို့ သွားရောက်၍ မဲပေးခြင်းလုပ်ငန်းစဉ်များ စောင့်ကြည့် လေ့လာခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ဘယ်လာရုစ် သမ္မတနိုင်ငံ သမ္မတရွေးကောက်ပွဲသို့ နိုင်ငံပေါင်း ၅၂ နိုင်ငံမှ နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူပေါင်း ၄၈၆ ဦး တက်ရောက်လေ့လာခဲ့ကြပြီး ရွေးကောက်ပွဲတွင် လက်ရှိသမ္မတ H.E. Mr. Aleksandr Lukashenko က ခိုင်လုံမဲ ၈၆ ဒသမ ၈၂ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့ကြောင်းနှင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှ တစ်ဆင့် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






# အသက် ၁၀၀ နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်ကို ချီးမြှင့်ငွေပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၂၉**

ပေါင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ပေါင်မြို့နယ် ကဒုံစီးရပ်ကွက်နေ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် မော်ကွန်းဝင်တတိယအဆင့် တပ်သား ချစ်လှ (အငြိမ်းစား) အသက် ၁၀၃ နှစ်အား ဂါရဝပြု ချီးမြှင့်ငွေများ သွားရောက်ပေးအပ်ကြသည်။

ဦးစွာ မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တပ်သား ချစ်လှ (အငြိမ်းစား) အား ဂါရဝပြု နှုတ်ဆက်စကား ပြောကြားပြီး မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ ချီးမြှင့်ငွေကျပ် ၅၀၀၀၀၊ မွန်ပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့မှ ချီးမြှင့်ငွေကျပ် ၅၀၀၀၀ နှင့် ပေါင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ ချီးမြှင့်ငွေကျပ် ၅၀၀၀၀ စုစုပေါင်းငွေကျပ် ၁၅၀၀၀၀ ကို ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂါရဝပြု ချီးမြှင့်ပေးအပ်ကြကြောင်းနှင့် နှစ်စဉ်ဆက်လက်၍ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတို့ တိမ်အနည်းငယ်ဖြစ်ထွန်း

**နေပြည်တော် ဇန်နဝါရီ ၂၉**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# တောင်ကြီးမြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲကျင်းပ

**တောင်ကြီး ဇန်နဝါရီ ၂၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီး ဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီက အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။




ဦးစွာ ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရာတွင် အနာဂတ်ခေါင်းဆောင်များ ဖြစ်သည့် ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်နေရန်နှင့် အသိပညာ၊ ဗဟုသုတများ ပြည့်ဝနေရန် အထူးလိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ရှမ်းတိုင်းရင်းသားရိုးရာအကဖြင့် လည်းကောင်း၊ ကျောင်းသူတစ်ဦးက “တစ်ပင်တိုင်အကဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ပြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်တွင် ဟောပြောဆွေးနွေးပေးခဲ့ကြသည့် စာပေပညာရှင်များနှင့် အကဲဖြတ်အမှတ်ပေးခဲ့ကြသည့် အကဲဖြတ်ဒိုင်များအား အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကာယ၊ ဉာဏပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ပြည်နယ်စီးပွားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပြီး ဆုရရှိသည့်ကျောင်းသား ကျောင်းသူများက သရုပ်ပြတင်ဆက်ကာ အမှတ် (၄)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက “ပညာဘဏ်တိုက် စာကြည့်တိုက်” သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်**
**(ပြန်/ဆက်)**

# တိုင်းရင်းဆေးပညာဖြင့် ဥတုရာသီအလိုက် ကျန်းမာရေးစောင့်ရှောက်ခြင်း

နေနေနိုင်ရည်၊ မိုးမိုးသန်း၊ ရီရီစန်း(တိုင်းရင်းဆေး)

တိုင်းရင်းဆေးပညာအမြင်အရ ရာသီဥတုသဘောသဘာဝနှင့် ရာသီဥတုအလိုက် ဖြစ်ပေါ်ကျရောက်တတ်သောရောဂါများကို ကြိုတင်ကာကွယ်နိုင်ရန်အချက်များ၊ လိုက်နာနိုင်ရန်အချက်များနှင့် ရှောင်ကြဉ်နိုင်ရန်အချက်များကို ပြည်သူလူထုသိရှိနိုင်ရန် ရည်ရွယ်၍ တိုင်းရင်းဆေးပညာဖြင့် ဥတုရာသီအလိုက် ကျန်းမာရေးစောင့်ရှောက်ခြင်းအား ရေးသားဖော်ပြလိုက်ပါသည်။ တိုင်းရင်းဆေးပညာအရ ဆောင်းဥတု၏ ကာလအပိုင်းအခြားမှာ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ လေးလသည် ဆောင်းဥတုဟု ဆေးကျမ်းများတွင် ခေါ်ဆိုပိုင်းခြားထားပါသည်။

**ဆောင်းဥတု၏သဘာဝလက္ခဏာများ**

ဥတုဘောဇနသင်္ဂဟ ဆေးကျမ်းအလိုအရ ဆောင်းဥတု၏ သဘာဝလက္ခဏာများကို ဖော်ပြရလျှင် ဆောင်းဥတု၏အစဖြစ်သော တန်ဆောင်မုန်းလ၏ ဒုတိယလတစ်ဝက်သည် သာယာကြည်နူးဖွယ်ကောင်းသော ရာသီကာလဖြစ်ပါသည်။ နှင်းများကျလိုက်၊ မိုးများရွာလိုက် ဖြစ်နေတတ်ပါသည်။ သို့မို့ကြောင့်ပင် ရှေးတောင်သူဦးကြီးများက "တန်ဆောင်မုန်းတွင်၊ ဆီးနှင်းတစ်ပြိုက်၊ မိုးတစ်လိုက်" ဟု ဆောင်ပုဒ်ပြုခဲ့ကြပါသည်။ ဆိုလိုရင်းမှာ ခြောက်သွေ့မှုမရှိဘဲ အေးနေခြင်းဟု ဆိုလိုသောကြောင့် စိုစွတ်၍ အေးမြသောအချိန်ဖြစ်ပါသည်။

ထိုအချိန်တွင် အနောက်တောင် မုတ်သုံရာသီလေသည် အပြီးအပိုင်ဆုတ်ခွာသွားခဲ့ပြီ ဖြစ်ပါသည်။ အေးမြသော မြောက်ပြန်လေညင်းကလေးသည် တသုန်သုန် တိုက်ခတ်စ ပြုလာပြီဖြစ်ပါသည်။ ပြာသိုလနှင့် တပို့တွဲလများတွင် ပြင်ပလောကကြီးမှာ အအေးဓာတ်ပို၍ လွှမ်းမိုးလာပါသည်။ တန်ဆောင်မုန်းလနှင့် နတ်တော်လများမှာ မြောက်လေတိုက်ခတ်လာပြီး ဆီးနှင်းများအလွန်ကျကာ ပြာသိုလနှင့် တပို့တွဲလများ ရောက်သည့်အခါတွင် ဆီးနှင်းများကျခြင်း နည်းပါးသွားပါသည်။

**ဆောင်းဥတု၌ကျန်းမာနေကြောင်းနှင့် မကျန်းမာကြောင်း သိသာနိုင်သော ယေဘုယျလက္ခဏာများ**

၎င်းအပြင် ဆောင်းဥတု၌ လူအများတွင် ကျန်းမာနေကြောင်းနှင့် မကျန်းမာကြောင်း သိသာနိုင်သော ယေဘုယျလက္ခဏာများကိုလည်း ရေးသားဖော်ပြရလျှင်–

ယခုကဲ့သို့ ဆောင်းဥတု အအေးနယ်တွင် လူများ၏ ကိုယ်ခန္ဓာတွင် အအေးအုပ်စိုးပါက ကျန်းမာခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ကိုယ်တွင်းကိုယ်ပ နှစ်ဌာနလုံး အပူချိန်လျော့ပါးနေရမည်ဖြစ်သည်။ ဆောင်းဥတုသဘောအရ လူများတွင် တွေ့နိုင်သော လက္ခဏာများမှာ ရေမငတ်ခြင်း၊ ချွေးမထွက်ခြင်း၊ ဆီးအရောင်ဖြူပြီးများခြင်း၊ အသားများပပ်၍ ကြမ်းပြီးခြောက်နေခြင်း၊ ကိုယ်သားကိုယ်ရေ ပူနွေးနေခြင်း၊ ဝမ်းမီးကောင်းသော ဥတုဖြစ်သောကြောင့် စားလိုက်သော အစားအသောက်များ စားသောက်ကောင်းခြင်း စသည့် လက္ခဏာများသည် **ကျန်းမာသူတို့၏ လက္ခဏာများဖြစ်သည်။** ထိုကဲ့သို့မဟုတ်ဘဲ ဆောင်းဥတုတွင် ဆီးပူခြင်း၊ ဆီးဝါခြင်း၊ ဆီးနည်းခြင်း၊ ကိုယ်သားကိုယ်ရေအေးခြင်း၊ ချွေးထွက်များခြင်း၊ ရေငတ်ခြင်း၊ အစားအသောက်ပျက်ခြင်းများ တွေ့ရှိပါက မကျန်းမာသူတို့၏ လက္ခဏာများဖြစ်သည်။

**ဆောင်းဥတုတွင် ဖြစ်ပွားတတ်သောရောဂါများနှင့် သောက်သုံးသင့်သောဆေးဝါးများ**

ဆောင်းဥတုတွင် ဖြစ်ပွားတတ်သော ရောဂါများမှာ **တုပ်ကွေး၊ အအေးမိနှာစေး၊ ချောင်းဆိုး၊ အဆုတ်ရောင်၊ သလိပ်ဖျား၊ ရင်ကျပ်ပန်းနာရောဂါ၊ ချမ်းဖျားတုန်ဖျား၊ အူရောင်ငန်းဖျား၊ ဝက်သက်ဖျား စသောရောဂါများ ဖြစ်ပွားတတ်ပါသည်။** ၎င်းရောဂါများကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် အေး၊ ချို၊ ချဉ်၊ ငန် အရသာရှိသော ဆေးဝါးအစာတို့ကို မှီဝဲသင့်ပါသည်။ တိုင်းရင်းဆေးခန်းသုံးဆေးအမှတ် (၁)မက်လင်ချဉ်သလိပ်ပုပ်ပျောက်ဆေး၊ တိုင်းရင်းဆေးခန်းသုံးဆေးအမှတ်(၇) နွယ်ချိုကဲဆေးတို့ကို တိုင်းရင်းဆေးပညာရှင်များ ညွှန်ကြားသည့်အတိုင်း သောက်သင့်ပါသည်။ ကြိုတင်ကာကွယ်သည့်အနေဖြင့် ငရုတ်သီးမထည့်ဘဲ ရှောက်သီးသုပ်၊ သံပရာရည်၊ ကြာဆံဟင်းခါး၊ ပတဲကောဟင်းချို၊ ကန်စွန်းရွက်ကြော် စသည်များကို ချက်ပြုတ်စားသောက်သင့်ပါသည်။ ဥတုဖျားဖြစ်ပါက ကွမ်းရွက်သတ္တုရည် ဟင်းစားဇွန်း တစ်ဇွန်းနှင့် ချင်းပြုတ်ရည်ကို ဆားနည်းနည်းထည့်ပြီး အကြမ်းတစ်ပန်းကန်လုံးစာ တစ်နေ့သုံးကြိမ် သောက်ပေးသင့်ပါသည်။ ၎င်းအပြင် ချွေးသင့်ရုံထွက်ရန်အတွက် တိုင်းရင်းဆေးခန်းသုံး ဆေးအမှတ်(၆) ဟလိဒ္ဒစုဏ္ဏောင်နှုန်းဆေးကို တစ်ကြိမ် ငါးပြား တစ်နေ့ သုံးကြိမ်၊ ကွမ်းရွက်၊ ထန်းလျက်ပြုတ်ရည်တို့နှင့် သောက်သင့်ပါသည်။ **တုပ်ကွေးဖျားဖြစ်လျှင် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ထုတ်လုပ်သော ဝိသမအဖျားပျောက်ဆေးကို နီးစပ်ရာ တိုင်းရင်းဆေးရုံ၊ ဆေးကုဌာနများတွင် အခမဲ့ရယူ၍ ဆရာ ဆရာမများ၏ ညွှန်ကြားချက်အတိုင်း သောက်နိုင်သည်။**

၎င်းအပြင် ရှေးဆေးကျမ်းများတွင် ဆိုထားသည့် ဆောင်းဥတုအတွက် စားသုံးနိုင်ရန် သင့်မြတ်သော ဆေးဝါးများကို ဖော်ပြရလျှင် ကြစုသီးနှင့် ချင်းခြောက်ကို စားသုံးသင့်သည်ဟု ဆိုထားပါသည်။ နရသုခိဆေးကျမ်းအရ "ဆောင်းတွင်းရောက်သော်၊ ဖျောက်ဆိတ်သက်ရင်း၊ သင်းဝင်ပေါက်ဖြူ၊ နံ့သာဖြူ၊ တပဆေး၊ နည်းပေးသင့်စွာ၊ ထောက်ရှာ၊ ပညာလင်္ကာ၊ ခြောက်ဖြာပေါင်းဖွဲ့၊ သီဆိုခဲ့သည့်၊ ၁၂ရာသီ၊ ဆေးကိုမှီလော့"ဟု ဖော်ပြထားပါသည်။

**စားသုံးသင့်သောဓာတ်စာများ**

ဆောင်းဥတုတွင် စားသုံးသင့်သော အစားအစာများကို ဖော်ပြရလျှင် သံပရာသီး၊ ရှောက်သီး၊ ဘူးရွက်၊ ကန်စွန်းရွက်၊ မုန်လာ၊ မုန်ညင်း၊ ခရမ်းချဉ်သီး၊ ကျောက်ဖရုံ၊ ခဝဲ၊ ပုံလုံ၊ ကင်းပုံရွက်၊ ဆလတ်ရွက်၊ ကျီးအာရွက်၊ ကုလားမျက်စိ၊ ဟင်းနုနယ်၊ ကန့်ကလာ၊ သင်္ဘောသီးမှည့်၊ ကျွဲကော၊ လိမ္မော်၊ ကမ္ဗလာ၊ ရှောက်ချို၊ စပျစ်သီး စသည်တို့ဖြစ်ပါသည်။ စားသင့်သော အသားငါးများမှာ ငါးခူ၊ ငါးကြင်း၊ ငါးရံ့၊ ငါးသိုင်း၊ ဆိတ်သား၊ ကြက်သား စသည်တို့ဖြစ်ပါသည်။ ဟင်းသီးဟင်းရွက်၊ အသားငါးများကို အချိုသဘော၊ အချဉ်သဘော၊ အရည်သောက်သဘော ချက်စားသင့်ပါသည်။ ပြင်ပမှ အအေးဒဏ်ခံနိုင်စေရန် တပို့တွဲလပြည့်နေ့တွင် ထမနဲပွဲတော်များပြုလုပ်ပြီး ပူ၊ ဆိမ့် အရသာရှိသော ထမနဲကို ဓာတ်ခံအားကောင်းစေရန် ရာသီစာအဖြစ်လည်း စားသောက်ကြပါသည်။

**ရှောင်ကြဉ်သင့်သော အစားအသောက်များ**

ဆောင်းဥတုတွင် **ရှောင်ကြဉ်သင့်သော အစားအသောက်များမှာ** အပူအစပ်၊ အကြော်အလှော်၊ အခြောက်အခြမ်း၊ ဖန်၊ ဖွဲ့၊ ချူပ် စေတတ်သော အစားအစာများ ရေခဲမုန့်၊ ငှက်ပျောသီးနှင့် သွေးတက်စေသည့် ဝက်သား၊ ဘဲသား၊ အမဲသားများကို လွန်ကဲစွာ မစားရန်လိုပါသည်။ ဆေးကျမ်းများအလိုအရ ရာသီဥတုအလိုက် ဓာတ်အကြိုက်၊ အစာအာဟာရအပြင် မိမိ၏ မူလရုပ်ဓာတ်ခံကိုကြည့်၍ စားသုံးသင့်ပါသည်။ အအေးလွန်ကဲသောရာသီတွင် အအေးမိခံခြင်း၊ ပန်ကာလေခံခြင်း၊ လေအေးပေးစက်ခံခြင်း၊ ရေအလွန်အကျွံချိုးခြင်းများ ရှောင်ကြဉ်ရပါမည်။

**လိုက်နာသင့်သည့်အချက်များ**

ဆောင်းဥတုတွင် **လိုက်နာသင့်သည့် အချက်များမှာ** အိပ်ရေးပျက်မခံရန် လိုပါသည်။ သို့သော် ဆောင်းကာလတွင် အအိပ်များလျှင် ရောဂါထူတတ်သည့်အတွက်လည်း လိုအပ်သည်ထက်ပို၍ မအိပ်စက်သင့်ပါ။ ဝမ်းချုပ်မခံခြင်း၊ လေစိမ်းတိုက်မခံခြင်းနှင့် ရေချိုးမမှားရန် အလွန်အရေးကြီးပါသည်။ နွေးနွေးထွေးထွေးနေရန် လိုအပ်ပါသည်။ အညောင်းအထိုင်မများရန် ကိုယ်လက်လှုပ်ရှား အားကစားလုပ်ရန် အရေးကြီးပါသည်။ ၎င်းအပြင် ဣရိယာပုတ်များ မျှတအောင် နေထိုင်သင့်ပါသည်။

အေးသောဥတုတွင် ခရီးသွားလာသည့်အခါများ၌လည်း အေးသောလေ မတိုးရအောင် အအေးမမိအောင် နွေးထွေးသည့်အစီအမံများ ပြုလုပ်၍ သွားရန်လိုပါသည်။ ၎င်းအပြင် နံ့သာဖြူ၊ ကရမက်၊ အကျော် စသော အမွှေးနံ့သာတို့ကိုလည်း လိမ်းကျံသင့်ပါသည်။ အထူးသတိပြုရန်မှာ အအေးမမိအောင်နေပါ၊ အိပ်ရေးဝဝအိပ်ပါ၊ အာဟာရပြည့်ဝအောင်စားပါ။ အထက်ပါနည်းများအတိုင်း ပြုမူနေထိုင်စားသောက်သွားပါက ဟေမန္တဟုခေါ်သည့် ဆောင်းဥတုကာလတွင် ရောဂါဘယကင်းကင်းရှင်းရှင်းနှင့် နေထိုင်သွားနိုင်မည်ဖြစ်၍ တိုင်းရင်းဆေးပညာအရ အသိပညာပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ရန် ရေးသားတင်ပြလိုက်ပါသည်။ ။

**ကိုးကားကျမ်း**


- ဥတုဘောဇနသင်္ဂဟကျမ်း/လက်တွေ့အသုံးချ မြန်မာ့နက္ခတ်ဆေးပညာကျမ်း
- အခြေခံ ကျန်းမာရေးဝန်ထမ်းများအတွက် အခြေခံတိုင်းရင်းဆေးပညာသင်တန်း လက်စွဲစာအုပ်
- တိုင်းရင်းဆေးကုဌာနသုံးဆေးနည်းများ စာအုပ်
- လက်တွေ့အသုံးချ ဆေးဖက်ဝင်အပင်များ ပေါင်းချုပ်အတွဲ(၁)
- မြန်မာ့တိုင်းရင်းဆေးနှင့် တုပ်ကွေးရောဂါ လက်ကမ်းစာစောင်
- မြန်မာစကားပုံများစာအုပ်
- နရသုခိဆေးကျမ်း


❖ ဆောင်းဥတုတွင် စားသုံးသင့်သော အစားအစာများကို ဖော်ပြရလျှင် သံပရာသီး၊ ရှောက်သီး၊ ဘူးရွက်၊ ကန်စွန်းရွက်၊ မုန်လာ၊ မုန်ညင်း၊ ခရမ်းချဉ်သီး၊ ကျောက်ဖရုံ၊ ခဝဲ၊ ပုံလုံ၊ ကင်းပုံရွက်၊ ဆလတ်ရွက်၊ ကျီးအာရွက်၊ ကုလားမျက်စိ၊ ဟင်းနုနယ်၊ ကန့်ကလာ၊ သင်္ဘောသီးမှည့်၊ ကျွဲကော၊ လိမ္မော်၊ ကမ္ဗလာ၊ ရှောက်ချို၊ စပျစ်သီး စသည်တို့ဖြစ်ပါသည်။ စားသင့်သော အသားငါးများမှာ ငါးခူ၊ ငါးကြင်း၊ ငါးရံ့၊ ငါးသိုင်း၊ ဆိတ်သား၊ ကြက်သား စသည်တို့ဖြစ်ပါသည်။ ဟင်းသီးဟင်းရွက်၊ အသားငါးများကို အချိုသဘော၊ အချဉ်သဘော၊ အရည်သောက်သဘော ချက်စားသင့်ပါသည်။ ပြင်ပမှ အအေးဒဏ်ခံနိုင်စေရန် တပို့တွဲလပြည့်နေ့တွင် ထမနဲပွဲတော်များပြုလုပ်ပြီး ပူ၊ ဆိမ့် အရသာရှိသော ထမနဲကို ဓာတ်ခံအားကောင်းစေရန် ရာသီစာအဖြစ်လည်း စားသောက်ကြ

"ဆောင်းဥတုတွင် လိုက်နာသင့်သည့် အချက်များမှာ အိပ်ရေးပျက်မခံရန် လိုပါသည်။ သို့သော် ဆောင်းကာလတွင် အအိပ်များလျှင် ရောဂါထူတတ်သည့်အတွက်လည်း လိုအပ်သည်ထက်ပို၍ မအိပ်စက်သင့်ပါ။ ဝမ်းချုပ်မခံခြင်း၊ လေစိမ်းတိုက်မခံခြင်းနှင့် ရေချိုးမမှားရန် အလွန်အရေးကြီးပါသည်။ နွေးနွေးထွေးထွေးနေရန် လိုအပ်ပါသည်။ အညောင်းအထိုင်မများရန် ကိုယ်လက်လှုပ်ရှား အားကစားလုပ်ရန် အရေးကြီးပါသည်။ ၎င်းအပြင် ဣရိယာပုတ်များ မျှတအောင် နေထိုင်သင့်"

# လမ်းညွှန်များ၊ လမ်းအမှတ်အသားများနှင့်အချက်ပြများ တစ်ပြေးညီဖြစ်စေရေး ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် ကချင်ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၉**

နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေး ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့် ကချင်ပြည်နယ် ကြီးကြပ်ရေးအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ကချင်ပြည်နယ် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက်ရောက်အမှာစကား ပြောကြားသည်။




အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ ကချင်ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်ထွေး၊ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ဗဟိုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းဦးနှင့် Road Safety Audit အဖွဲ့ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီ ပြည့်စုံမှန်ကန်ညီညွတ်စေရေးအတွက် ဒေသကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်လျက် အလေးထားကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်အတွင်းရှိ လမ်းမကြီးများနှင့် ပြည်ထောင်စုလမ်းမကြီးများ၌ နှစ်အလိုက် ခွင့်ပြုဘဏ္ဍာငွေများ ခွဲဝေချထားပြီး အကျိုးရှိထိရောက်စွာ အသုံးပြုဆောင်ရွက်လျက်ရှိကြောင်း၊ မြစ်ကြီးနားမြို့သည် ပြည်နယ်မြို့တော်ဖြစ်သည့်အတွက် မြို့တော်အင်္ဂါရပ်နှင့်အညီ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီ ပြည့်စုံမှန်ကန်ညီညွတ်စေရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ကွင်းဆင်းစစ်ဆေးအကြံပြုချက်များအပေါ် အလေးထားလိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီ ပြည့်စုံမှန်ကန်ညီညွတ်စေရေးလုပ်ငန်းသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့်အတွက် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများအနေဖြင့် အထူးအလေးထား ကြိုးပမ်းဆောင်ရွက်ကြရန်၊ ခရိုင်/မြို့နယ်အလိုက် ပူးပေါင်းအဖွဲ့များ စနစ်တကျဖွဲ့စည်းတာဝန်ပေးအပ်ပြီး Road Safety Audit မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ကြရန်၊ စစ်ဆေးတွေ့ရှိချက်များအပေါ် အခြေခံ၍ လိုအပ်သည့်ပြုပြင်မွမ်းမံမှု၊ အသစ်တိုးချဲ့ရေးဆွဲစိုက်ထူမှုများအား သတ်မှတ်ညွှန်ကြားချက်နှင့်အညီ ပြည့်စုံညီညွတ်မှန်ကန်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်၊ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများသည် လမ်း၏အင်္ဂါရပ်နှင့် အဆင့်အတန်းကို ဖော်ပြနေခြင်းဖြစ်သည့်အတွက် အသစ်ဖြည့်ဆည်းခြင်း၊ ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန်၊ မြို့ကြီးများတွင်သာမက ခရိုင်အလိုက်၊ မြို့နယ်အလိုက် ဦးစားပေးနေရာ၊ ဦးစားပေးလမ်းပိုင်းများ ရွေးချယ်သတ်မှတ်ပြီး အဆင့်လိုက်အကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် လာမည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုဘဏ္ဍာငွေများကို ထိရောက်အကျိုးရှိစွာသုံးစွဲလျက် ပြည်နယ်အတွင်း လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ လျာထားချက် ပြည့်စုံပြီးမြောက်အောင် အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ယာဉ်သွားလာမှု အင်ဂျင်နီယာဌာနခွဲ အင်ဂျင်နီယာမှူးကြီးက ကချင်ပြည်နယ်၏ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သုံးသပ်ဖော်ထုတ်ချက်များ၊ ဗဟိုကြီးကြပ်ရေးအဖွဲ့၏လုပ်ငန်းဆောင်ရွက်မှု၊ ကွင်းဆင်းစစ်ဆေးကြီးကြပ်မှုများနှင့် လမ်းညွှန်း၊ လမ်းအမှတ်အသားများ ရေးဆွဲစိုက်ထူရေးဆိုင်ရာ အကြံပြုချက်များကို လည်းကောင်း၊ ကချင်ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ပြည်နယ်အတွင်း လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ ဆောင်ရွက်ထားရှိမှု၊ ပြုပြင်ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ရန်ကျန်လုပ်ငန်းများ၊ အသစ်တိုးချဲ့ရေးဆွဲစိုက်ထူပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြချက်များနှင့် ဆွေးနွေးချက်များအပေါ် ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များ သုံးသပ်ဆွေးနွေး မှာကြားသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးအပြီးတွင် ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌသည် တာဝန်ရှိသူများ၊ Road Safety Audit အဖွဲ့ဝင်များနှင့်အတူ မြစ်ကြီးနားမြို့အတွင်း လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ ရေးဆွဲစိုက်ထူဆောင်ရွက်ထားရှိမှုများကို မြေပြင်ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များကို သုံးသပ်အကြံပြုဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ -၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပန်းတနော်မြို့၌ ခွေးရူးရောဂါ ကြိုတင်ကာကွယ်ဆေး အခမဲ့ထိုးနှံပေး

**ပန်းတနော် ဇန်နဝါရီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ခွေးရူးရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးခြင်းကို ယနေ့ နံနက်ပိုင်းက စတင်၍ အနောက်ပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ထိုးနှံပေးလျက်ရှိသည်။

ပန်းတနော်မြို့နယ်အတွင်း ခွေးရူးရောဂါကင်းစင်ရေးအတွက် တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံခြင်းကို မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ သဲစုခိုင်နှင့် ဝန်ထမ်းများက ခွေးရူးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သော အသက်ဆုံးရှုံးစေသည့် ရောဂါဖြစ်သောကြောင့် မိမိမွေးမြူထားသော ခွေးများကို ခွေးရူးရောဂါ ကာကွယ်ဆေးကြိုတင်ထိုးနှံခြင်းဖြင့် ခွေးရူးရောဂါကူးစက်ခြင်းမှ ကာကွယ်နိုင်ရန် ပန်းတနော်မြို့နယ်အတွင်းရှိ မွေးမြူထားသောခွေးများအား ခွေးရူးရောဂါကာကွယ်ဆေးအခမဲ့ထိုးနှံခြင်းကို ဇန်နဝါရီ ၂၉ ရက်မှ ၃၀ ရက်အထိ အခမဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



**ချိန်ခါမရွေးသတိပေး မီးဘေးသတိပြု**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းဆောင်ရွက်ပြီးစီးနေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများ လှည့်လည်ကြည့်ရှု

**စစ်တွေ ဇန်နဝါရီ ၂၉**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ပေါ်ရှိသာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဗုဒ္ဓေါမော်ကျောင်းတိုက်ရှိ တောင်ဘက်ကပ်ကျော် ရန်ပြေမာန်ပြေ ကိုးနဝင်း ဓာတုဧစေတီအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ဆီမီး၊ ရေချမ်းများကပ်လှူပူဇော်သည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့အား တောင်ဘက်ကပ်ကျော် ရန်ပြေမာန်ပြေ ကိုးနဝင်း ဓာတုဧစေတီကို သာသနိကအဆောက်အအုံများ ရှေးမူမပျက် ပြုပြင်ထိန်းသိမ်းရေးအဖွဲ့က ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဆွေးနွေးမှာကြားပြီး စေတီတော်နှင့်သာသနိကအဆောက်အအုံများ ပြုပြင်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။ ဆက်လက်၍ ဗုဒ္ဓေါမော်ကျောင်းတိုက် ဆရာတော်က စေတီတော်နှင့်ပတ်သက်၍ လိုအပ်သည်များကို မိန့်ကြားရာ ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိဇ္ဇရပ်ကွက်ရှိ အရှေ့ဘက်ကပ်ကျော် ရန်ပြေမာန်ပြေ ကိုးနဝင်း ဓာတုဧစေတီသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး သာသနိကအဆောက်အအုံများ ရှေးမူမပျက်ပြုပြင်ထိန်းသိမ်းရေးအဖွဲ့က ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မိဇ္ဇရပ်ကွက်ရှိ မိဇ္ဇနတ်စင်အား ရှေးမူမပျက် ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် အုန်းတပင်ရပ်ကွက်ရှိ မြောက်ဘက်ကပ်ကျော် ရန်ပြေမာန်ပြေ ကိုးနဝင်းဓာတုဧစေတီတော်နှင့် သာသနိကအဆောက်အအုံများ ပြုပြင်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဂြစ်ဘက်ဘုန်းတော်ကြီးကျောင်းတိုက်အတွင်းရှိ ရှေးဟောင်းသိမ်တော်အတွင်း၌ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်ကြသည်။ ဆက်လက်၍ သိမ်တော်အား ရှေးမူမပျက်ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ပတ်သက်၍ ပြုပြင်ထိန်းသိမ်းရေးအဖွဲ့က ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဂြစ်ဘက်ကျောင်းတိုက် ကျောင်းထိုင်ဆရာတော်အားဖူးမြော်ကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပြီး ကျောင်းတိုက်အတွင်းရှိ ရှေးဟောင်းကျောင်းတော်ကြီးအား ပြန်လည်ပြုပြင်ထိန်းသိမ်းနိုင်ရေးနှင့်ပတ်သက်၍ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမတည်ပေးမှုဖြင့် ဒေသတွင်း အသားစားသုံးမှု ဖူလုံပိုလျှံစေရေး ဝက်နှင့် ကြက်မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုအားပေး

**မြစ်ကြီးနား ဇန်နဝါရီ ၂၉**

ကချင်ပြည်နယ်အနေဖြင့် ဒေသတွင်း စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအား နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေရင်းနှီးမတည်ပေးပြီး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ထုတ်ကုန်တိုးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ဇန်နဝါရီ ၂၉ ရက် မွန်းလွဲပိုင်းက မြစ်ကြီးနားမြို့နယ် မော်ဖောင်းကျေးရွာအုပ်စုအတွင်းရှိမွေးမြူရေးခြံများအား ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့နယ် မော်ဖောင်းကျေးရွာအုပ်စု ငအိုးကျေးရွာအတွင်းရှိ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေရင်းနှီးမတည်မှုဖြင့် ဖြစ်ထွန်းအောင်မြင်လျက်ရှိသော ဦးဆင်ဝါးနော်၏ခြံ၌ ကြက်ခြံ နှစ်ခြံ တိုးချဲ့တည်ဆောက်ထားပြီး ကြက်ပေါက်ကောင်ရေ ၃၀၀၀ စတင်မွေးမြူ ဆောင်ရွက်နေမှုအခြေအနေများနှင့် အဆိုပါ ခြံဝင်းအတွင်းရှိ ဝက်ခြံ၌ အသားတိုးဝက်ကောင်ရေ ၉၀ မွေးမြူထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများနှင့် တိရစ္ဆာန်အစာရရှိမှုနှင့် ဈေးကွက်ရောင်းချနိုင်မှု အခြေအနေများကို မေးမြန်းဆွေးနွေးကာ စနစ်တကျအကျိုးဖြစ်ထွန်းအောင် တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်မွေးမြူထုတ်လုပ်နိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက အခမဲ့ပေးအပ်သော မွေးမြူရေး အထောက်အကူပြုဆေးဝါးပစ္စည်းများနှင့် တိရစ္ဆာန်အားဖြည့်ဖြည့်စွက် အစာအိတ်များကို ပေးအပ်သည်။

ထို့နောက် အဆိုပါ ခြံဝင်းအတွင်းလုပ်ငန်းတိုးချဲ့ဆောင်ရွက်လျက်ရှိသော ပင်မှည့်သီးခင်းစိုက်ပျိုးထားရှိမှုနှင့် ဂျပန်လိမ္မော်သီးပင် စိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အဆိုပါ ကျေးရွာအုပ်စုအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေရင်းနှီးမတည်ပေးမှုဖြင့် အကျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိသည့် ဦးသိန်းဟန်၏ ကြက်ခြံသို့ သွားရောက်ပြီး ကြက်ခြံများအတွင်း ကြက်ကောင်ရေ ၉၀၀၀ မွေးမြူထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကြက်များ ဈေးကွက်အတွင်း ရောင်းဝယ်ဖောက်ကားနိုင်မှု အခြေအနေများနှင့် တိုးချဲ့မွေးမြူနိုင်ရေး လိုအပ်သည်များ ကူညီပေးနိုင်ရေး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာမွေးမြူရေးအထောက်အကူပြုဆေးဝါးပစ္စည်းများနှင့် တိရစ္ဆာန်အားဖြည့်ဖြည့်စွက်အစာအိတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

# သာစည်မြို့နယ်အခြေခံပညာကျောင်းများရှိ KG ကျောင်းသားကျောင်းသူ ၄၀၅၄ ဦးအား ကျောင်းတွင်းအာဟာရကျွေးမွေး

**သာစည် ဇန်နဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် ကျောင်းနေအရွယ်ကလေးများ အာဟာရဖွံ့ဖြိုးတိုးတက်စေရေး အစီအစဉ်ဖြင့် KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ဇန်နဝါရီ ၂၈ ရက်က အမှတ်(၄)ရပ်ကွက် အခြေခံပညာ မူလတန်းကျောင်း၌ ပြုလုပ်သည်။



အဆိုပါကျောင်း၌ အာဟာရကျွေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝတ်မှုံအောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ဆရာ ဆရာမများက စနစ်တကျကျွေးမွေးပြီး ကျောင်းတွင်းအာဟာရကျွေးခြင်း၊ သန်ချဆေးတိုက်ကျွေးခြင်း၊ အဏုအာဟာရမှုန့် ဖြည့်စွက်တိုက်ကျွေးခြင်း၊ အာဟာရအကြောင်း အသိပညာပေးခြင်း၊ အာဟာရပြည့်ဝမျှတသည့် အစားအစာများ ပြင်ဆင်ချက်ပြုတ်ပြသခြင်း၊ ကျောင်းမုန့်ဈေးတန်းများ စစ်ဆေးခြင်း၊ စနစ်တကျလက်ဆေးခြင်းနှင့် နေ့လယ်စာစားပြီး သွားတိုက်ခြင်းများကို အသိပညာပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များ၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဇန်နဝါရီ ၂၈ ရက်က မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆန်းဝင်း ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးစဉ်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

# မင်းဘူးမြို့နယ် ရွာသာယာကျေးရွာအဝင် ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲအခမ်းအနားကျင်းပ

**မကွေး ဇန်နဝါရီ ၂၉**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ရွာသာယာကျေးရွာအဝင် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါ ကွန်ကရစ်လမ်းသစ်၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ ရွာသာယာကျေးရွာအဝင် ကွန်ကရစ်လမ်းသစ်ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းသိန်း၊ စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူဦးနှင့် တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းမိုးထိုက်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲတွင် ပါဝင်ကူညီခဲ့သည့် ဘင်ခရာအဖွဲ့အား တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေ ပြန်လည်ပေးအပ်သည်။



ထို့နောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ယာယီရှင်းလင်းဆောင်၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတစ်ဝန်း နယ်ပယ်အနှံ့ဒေသစုံ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ထုတ်ကုန်များ၊ သီးနှံများ သယ်ပို့ရောင်းချရာတွင် လမ်းပန်းဆက်သွယ်မှု လုံခြုံလွယ်ကူချောမွေ့ကောင်းမွန်ရေးသည် အဓိက လိုအပ်ကြောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနသည် ကျေးလက်လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်လာရေးအတွက် ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ ဖွင့်လှစ်လိုက်သည့် ရွာသာယာအဝင်လမ်း ကွန်ကရစ်လမ်းသစ်သည် မင်းဘူး-မင်းလှလမ်းမှ ရွာသာယာကျေးရွာသို့ ဆက်သွယ်ထားသောလမ်းဖြစ်သည့်အတွက် ဒေသခံကျေးရွာနေပြည်သူများ၏ ထုတ်ကုန်သီးနှံများ သယ်ယူရောင်းချရာတွင် လွယ်ကူမြန်ဆန်စေမည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှု မြန်ဆန်ချောမွေ့စေမည်ဖြစ်သည့်အပြင် လမ်းအနီးဝန်းကျင်ရှိ ကျေးရွာများ၌ စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် သီးနှံထွက်ကုန်စိုက်ဧက ၃၁၂၅ ခန့်မှ ထွက်ရှိသော ကုန်စည်များကိုမြို့ပေါ်ဈေးကွက်များသို့ အချိန်တိုအတွင်း ကုန်ကျစရိတ်သက်သာစွာဖြင့် ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**ကျေးဇူးတင်စကားပြောကြား**

ဆက်လက်၍ ရွာသာယာကျေးရွာအဝင် ကွန်ကရစ်လမ်းသစ် ဖွင့်လှစ်ပေးရခြင်းနှင့် ပတ်သက်၍ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား လမ်းဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်များကို ထားပိုကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်နိုင်မိုးက ပေးအပ်သည်။

မကွေးတိုင်းဒေသကြီးအတွင်း ၂၀၂၄ – ၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေကျပ် ၉ ဒသမ ၃ ဘီလီယံခန့်အသုံးပြုပြီး ကွန်ကရစ်လမ်း ငါးလမ်း၊ ကတ္တရာရှစ်လမ်း၊ ကျောက်ချောလမ်း ငါးလမ်း၊ ဂဝံမြေနီလမ်း ၃၀ စုစုပေါင်းလမ်း ၄၈ လမ်း၊ မိုင်ပေါင်း (၆၈/၄ ဒသမ ၈၂) မိုင်နှင့် ကွန်ကရစ်တံတား ၁၀ စင်း၊ ရေကျော် ၁၄ စင်း၊ ရေပြွန် ၃၂ စင်း စုစုပေါင်း ၅၆ စင်း အရှည်ပေပေါင်း ၂၃၈၀ ပေတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်ညီညာ**

# နမ့်စန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်ပညာရေးစုံညီပွဲတော် ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်းများ၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် နမ့်စန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက မြို့နယ်ပညာရေးစုံညီပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းသား ကျောင်းသူများက ဘင်ခရာ၊ မြန်မာ့သိုင်း၊ ပန်းဖွားအကဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ကျောင်းခန်းမ၌ "ကြိုဆိုပါသည် စုံညီပွဲတော်" သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး တိုင်းမှူးက ဂုဏ်ပြုအားပေးစကား ပြောကြားသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောင်းသား ကျောင်းသူများ၏ မြန်မာ့ရိုးရာနှင့် ခေတ်ပေါ်တေးသီချင်းများ၊ တိုင်းရင်းသားရိုးရာအကများဖြင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူးက ပညာရေးစုံညီပွဲတော်အတွက် ချီးမြှင့်ငွေများပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် အင်္ဂလိပ်စာ၊ သင်္ချာ စွမ်းရည်ပြိုင်ပွဲများ၊ စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး ကျောင်းသား ကျောင်းသူများ၏ တီထွင်ပြုလုပ်ထားသော စက်မှုလက်မှုလက်ရာများ၊ သင်ထောက်ကူပစ္စည်းပြခန်းများနှင့် သိပ္ပံပြခန်းများတွင် လက်တွေ့ပြသနေမှုများကို လိုက်လံကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# ပခုက္ကူမြို့နယ်၌ ပန်းဂေါ်ဖီများ ဈေးနှုန်းကျဆင်းသော်လည်း အရောင်းအဝယ်ဖြစ်ထွန်းလျက်ရှိ

**ပခုက္ကူ ဇန်နဝါရီ ၂၉**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်အတွင်း ကျွန်းညိုကြီးကျေးရွာအုပ်စု၊ ကံလှကျေးရွာအုပ်စု၊ တင်းဂတ်ကျေးရွာ အုပ်စုနှင့် ကုက္ကိုလှကျေးရွာတို့ရှိ ကျွန်းကျေးရွာများ၌ ကုန်စိမ်းသီးနှံများ စိုက်ပျိုးလုပ်ကိုင်ကြပြီး ယခုနှစ် ဇန်နဝါရီလဆန်းပိုင်းမှစတင်၍ ဈေးကွက်အတွင်းသို့ ဝင်ရောက်သည့် ပန်းဂေါ်ဖီအပါအဝင် ကုန်စိမ်းသီးနှံအချို့ ဈေးနှုန်းကျဆင်းသော်လည်း အရောင်းအဝယ်ဖြစ်ထွန်းလျက်ရှိသည်။



ပခုက္ကူမြို့နယ်၌ ဒေသတွင်း စိုက်ပျိုးသည့် မုန်လာထုပ် (ပန်းမုန်လာ)ဟုခေါ်သည့် ဂေါ်ဖီထုပ်နှင့်ပန်းဂေါ်ဖီများ လှိုင်လှိုင်ပေါ်ချိန်ဖြစ်၍ စီးပွားဖြစ်အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း၊ ပခုက္ကူမြို့ အမှတ်(၁) စည်ပင်သာယာမြို့မဈေးကြီးသို့ နေ့စဉ်သွားရောက်ရောင်းချလျက်ရှိပြီး ဈေးနှုန်း ကျဆင်းသော်လည်း နေ့စဉ်ဝယ်ယူစားသုံးသူများပြားခြင်းကြောင့် ဆက်လက်အရောင်းအဝယ်ဖြစ်ထွန်းကောင်းမွန်လျက်ရှိကြောင်း မြို့မဈေးသည် တစ်ဦးက ပြောသည်။

ပခုက္ကူမြို့ပေါ်ရှိ အမှတ်(၁) စည်ပင်သာယာမြို့မဈေးကြီးနှင့် အမှတ်(၂) စည်ပင်သာယာဈေးနှင့် ယာယီ ပျံကျဈေးတို့တွင် ဆောင်းရာသီထွက်ကုန်စိမ်းသီးနှံမျိုးစုံ လှိုင်လှိုင်ဝင်ရောက်ချိန်ဖြစ်သောကြောင့် ကုန်စိမ်းသီးနှံများ ဈေးနှုန်းကျဆင်းရခြင်းဖြစ်ကြောင်း သိရသည်။ **ဆလိုင်းကိုကီး**

❖ *ကျော်ဖုံးမှ*

အောင်လအန်ဆန်သည် ယင်းပွဲတွင် ဒုတိယအချီ ၂ မိနစ် ၄၈ စက္ကန့်တွင် ဒိုင်ပွဲရပ်ဖြင့် အရေးနိမ့်ထားသဖြင့် ရှုံးကြွေးပြန်ဆပ်နိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ အောင်လအန်ဆန်အတွက် ယခုပွဲမှာ ၂၀၂၅ ခုနှစ်တွင် ပထမဆုံးထိုးသတ်ခွင့်ရမည့်ပွဲဖြစ်ပြီး နိုင်ပွဲရယူနိုင်ရန် လိုအပ်နေသည်။

အောင်လအန်ဆန်သည် ပရော်ဖက်ရှင်နယ် MMA ကစားသမားဘဝ ၄၅ ပွဲ ထိုးသတ်ထားရာ ပွဲ ၃၀ နိုင်၊ ၁၄ ပွဲရှုံးနိမ့်ထားပြီး တစ်ပွဲကိုမှ အရှုံးအနိုင်သတ်မှတ်ထားခြင်းမရှိပေ။ **ညီမြတ်သော်တာ**

**ဓာတ်ပုံ-ONE Championship**

■ *ကျော်ဖုံးမှ*

7 Dragon အသင်းက ၁၇ မှတ်၊ JZ Yangon အသင်းက ၁၆ မှတ်၊ Pacific Sun Far အသင်းနှင့် Black Cross အသင်းတို့က ၁၄ မှတ်စီ၊ Gold Dream အသင်းက ၁၂ မှတ်၊ KKY အသင်းက ၁၁ မှတ်၊ YCDC Marga Youth အသင်းက ကိုးမှတ်၊ လက်ဝဲသုနရအသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့က ခုနစ်မှတ်စီ၊ Maryar အသင်းက ခြောက်မှတ်၊ 7 Brother အသင်းက သုံးမှတ်ရရှိထားသည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

**အားကစားမြှင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

# တောင်ကိုရီးယား၌ လေယာဉ်မီးလောင်မှုဖြစ်ပွား၊ ခရီးသည်များအားလုံး ကယ်တင်နိုင်

**ဆိုးလ် ဇန်နဝါရီ ၂၉**

တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ ဇန်နဝါရီ ၂၈ ရက် ညပိုင်းက ခရီးသည်တင် လေယာဉ်တစ်စင်း မီးလောင်မှုဖြစ်ပွားခဲ့ပြီး လေယာဉ်ပေါ်ရှိ လူများအားလုံးကို ဘေးလွတ်ရာသို့ ကယ်တင်ပေးနိုင်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

အဲဘူဆန်ဖလိုက်သည် ခရီးသည် ၁၇၆ ဦးကို တင်ဆောင်လာပြီး ၎င်းတို့ထဲမှ သုံးဦးမှာ မစိုးရိမ်ရ ဒဏ်ရာရရှိခဲ့ကြောင်း၊ ဂင်ဟဲအပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် အဆိုပါ မတော်တဆမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ အဲဘတ်စ်အေ ၃၂၁ သည် ဘူဆန်မှ ဟောင်ကောင်သို့ ပျံသန်းရန် ပြင်ဆင်နေစဉ် မီးလောင်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

မီးသတ်တပ်ဖွဲ့ဝင်များက တစ်နာရီခန့်ကြာ မီးငြိမ်းသတ်ခဲ့ရကြောင်း၊ ဒီဇင်ဘာလအတွင်းကလည်း တန်ဖိုးနည်းလေကြောင်းလိုင်းဖြစ်သည့် ဂျဲဂျူးလေကြောင်းလိုင်းမှ ခရီးသည်တင် လေယာဉ်တစ်စင်း မူအန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် မီးလောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး လေယာဉ်ပေါ်ရှိ ၁၇၉ ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ




# တိုကျိုမြို့အနီး၌ ပထမမြေကျွံပေါက်အနီး မြေကျွံပေါက်မှု ထပ်မံဖြစ်ပွား ယာဉ်မောင်းအတွက် ကယ်ဆယ်ရေးလုပ်ငန်းများ အခက်တွေ့နေ

**တိုကျို ဇန်နဝါရီ ၂၉**

ဂျပန်နိုင်ငံ တိုကျိုမြို့ စိုင်းတာမခရိုင် ယာရှီယိုးမြို့ရှိ လမ်းဆုံတစ်ခုတွင် ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီ မိနစ် ၄၀ ခန့်က မြေကျွံကျမှု ဖြစ်ပွားခဲ့သည်။

အဆိုပါ မြေကျွံပေါက်မှာ ၁၀ မီတာခန့်ရှိပြီး ငါးမီတာအနက်ရှိကြောင်း သိရသည်။ အသက် ၇၄ နှစ်အရွယ် မောင်းနှင်လာသော ထရပ်ကားမှာ အဆိုပါ မြေကျွံပေါက်ထဲသို့ ထိုးကျခဲ့သည်။

ထရပ်ကားကို ဆယ်ယူရန် နေ့မနား ညမအား ကြိုးပမ်းလုပ်ဆောင်နေစဉ်အတွင်း ဇန်နဝါရီ ၂၉ ရက် နံနက်အစောတွင် ပထမ မြေကျွံပေါက်အနီး နောက်ထပ် မြေပြိုပေါက်တစ်ခု ထပ်မံဖြစ်ပွားခဲ့သဖြင့် စားသောက်ဆိုင် ဆိုင်းဘုတ်နှင့် လျှပ်စစ်တိုင်လဲပြိုကျမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထရပ်ကား ကိုယ်ထည်ကို ဇန်နဝါရီ ၂၉ ရက် အစောပိုင်းတွင် ဝန်ချီစက်ကြီးတစ်ခုဖြင့် ဆွဲတင်နိုင်ခဲ့ကြောင်း၊ သို့သော်လည်း ယာဉ်မောင်းသည့် အခန်းမှာ မြေကျွံပေါက်ထဲတွင် ကျန်ရစ်ခဲ့ကြောင်းနှင့် နောက်ပိုင်းတွင် ရေနစ်မြုပ်သွားခဲ့ကြောင်း သိရသည်။




တိုကျိုနှင့် စိုင်းတာမမြို့တို့မှ မီးသတ်သမားများသည် ဇန်နဝါရီ ၂၉ ရက်တွင် ကယ်ဆယ်ရေး လုပ်ငန်းများ ပူးတွဲလုပ်ဆောင်ခဲ့ကြောင်း၊ မြေကျွံပေါက်အတွင်း ဒရုန်းတစ်စင်း ပျံသန်းကာ စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကယ်ဆယ်ရေး လုပ်သားများသည် ပိတ်မိနေသော ယာဉ်မောင်းကို ရှာဖွေရေး မစတင်မီ ရေများကို စွန့်ထုတ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# ကမ္ဘာကြီးပူနွေးလာမှုကို တိုက်ဖျက်ရန် ပါရီသဘောတူညီမှုမှ အမေရိကန် နုတ်ထွက်မည်

**နယူးယောက် ဇန်နဝါရီ ၂၉**

အမေရိကန်နိုင်ငံသည် ကမ္ဘာကြီးပူနွေးလာမှုကို တိုက်ဖျက်ရန် မူဘောင်ချမှတ်ထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်ဖြစ်သော ပါရီသဘောတူညီချက်မှ လာမည့်နှစ် ဇန်နဝါရီလတွင် နုတ်ထွက်မည်ဟု အကြောင်းကြားထားကြောင်း ကုလသမဂ္ဂက ပြောသည်။

ဇန်နဝါရီ ၂၈ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ကုလသမဂ္ဂအကြီးအကဲ၏ ပြောရေးဆိုခွင့်ရှိသူ စတက်ဖိန်ဒူဂျာရစ်က ထိုကဲ့သို့ ကြေညာခဲ့ခြင်းဖြစ်သည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၇ ရက်မှစတင်ကာ ပါရီသဘောတူညီချက်မှ အမေရိကန်၏နုတ်ထွက်မှု စတင်အသက်ဝင်မည်ဟု ၎င်းကဆက်ပြောသည်။ လွန်ခဲ့သည့်သီတင်းပတ်က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ၎င်း၏ ရုံးတက်ရက် ပထမဆုံးနေ့တွင်ပင် ပါရီသဘောတူညီမှုမှ နုတ်ထွက်ကြောင်းကို လက်မှတ်ရေးထိုးခဲ့သည်။

ဒေါ်နယ်ထရမ့် အမေရိကန်သမ္မတအဖြစ် ပထမဆုံးအကြိမ် ထမ်းဆောင်စဉ် ၂၀၂၀ ပြည့်နှစ်ကလည်း အမေရိကန်သည် အဆိုပါ သဘောတူညီမှုမှ နုတ်ထွက်ခဲ့ဖူးသည်။ သို့သော်လည်း အမေရိကန်သမ္မတဟောင်း ဂျိုးဘိုင်ဒင်၏လက်ထက်တွင် အဆိုပါသဘောတူညီမှု၌ ပြန်လည်ပါဝင်ခဲ့သည်။ အမေရိကန်သည် ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံး ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်သည့် နိုင်ငံဖြစ်သည်။

အင်န်အိတ်ချ်ကေ

# အိန္ဒိယနိုင်ငံ၏အကြီးဆုံး ဘာသာရေးပွဲတော်အတွင်း လူအုပ်နင်းမိမှုကြောင့် လူ ၃၀ ခန့်သေဆုံး

## သေဆုံးသွားသူများအတွက် အိန္ဒိယဝန်ကြီးချုပ် ဝမ်းနည်းကြောင်းဖော်ပြ

**နယူးဒေလီ ဇန်နဝါရီ ၂၉**

အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီသည် နိုင်ငံမြောက်ပိုင်းပြည်နယ်ဖြစ်သည့်ဥတ္တရာပရာဒေ့ရှ်ပြည်နယ်တွင် ၄၅ ရက်ကြာကျင်းပသည့် အိန္ဒိယနိုင်ငံ၏အကြီးဆုံး ဟိန္ဒူဘာသာရေးပွဲတော် တစ်ခုဖြစ်သည့် မဟာကွန်ဘာမီလာ (Maha Kumba Mela)ပွဲတော်၌ လူအုပ်ပြိုကျမှု ဖြစ်စဉ်အတွင်း သေဆုံးသွားသူများ အတွက် ဇန်နဝါရီ ၂၉ ရက်က ဝမ်းနည်းကြောင်း ဖော်ပြခဲ့သည်။

လူအုပ်နင်းမှု ဖြစ်စဉ်အတွင်း အနည်းဆုံး ဝတ်ပြုဆုတောင်းသူ ၃၀ ခန့် သေဆုံးခဲ့ပြီး အခြား ၆၀ ခန့် ဒဏ်ရာရရှိခဲ့သည်။ အဆိုပါ ဘာသာရေးပွဲတော်သည် ဟိန္ဒူဘာသာဝင်များ အထွတ်အမြတ်ထားရာပွဲတော်ဖြစ်ပြီး အိန္ဒိယနိုင်ငံ ဂင်္ဂါမြစ်၊ ယမုံနာနှင့် ဆာရက်ဝတီမြစ်လေးနေရာ၌ ၁၂ နှစ်တစ်ကြိမ် ကျင်းပသည့် ပွဲတော်ဖြစ်ပြီး ယခုနှစ်တွင် ဇန်နဝါရီ ၁၃ ရက်မှစပြီး သီတင်းပတ်ခြောက်ပတ်ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ရေချိုးသန့်စင်သည့် ယင်းပွဲတော်သို့ လူ သန်း ၁၀၀ ခန့်လာရောက် ဆင်နွှဲကြကြောင်း သိရသည်။

သေဆုံးသူ ၃၀ အနက် ၂၅ ဦးကို မည်သူမည်ဝါဖြစ်ကြောင်း ရဲတပ်ဖွဲ့က အတည်ပြုနိုင်ခဲ့ပြီဖြစ်သည်။

ပွဲတော်အတွင်း လူအုပ်နင်းမိမှုကြောင့် သေဆုံးသွားသူများအတွက် ဝမ်းနည်းကြောင်း ပြောကြားလိုကြောင်းနှင့် ဒဏ်ရာရရှိသူများလည်း အမြန်ဆုံးနေပြန်ကောင်းလာရန် မျှော်လင့်ကြောင်း ဝန်ကြီးချုပ်က လူမှုမီဒီယာကွန်ရက်ဖြစ်သော အိတ်စ်ပေါ်တွင် ရေးသားခဲ့သည်။ **ဆင်ဟွာ**



# သီရိလင်္ကာနိုင်ငံက ၂၀၂၄ ခုနှစ်တွင် လက်ဖက်ခြောက်တင်ပို့မှု ကန်ဒေါ်လာ ၁ ဒသမ ၄၃ ဘီလီယံရရှိ

**ကိုလံဘို ဇန်နဝါရီ ၂၉**

သီရိလင်္ကာနိုင်ငံသည် ၂၀၂၄ ခုနှစ်အတွင်း လက်ဖက်ခြောက်တင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၃ ဘီလီယံ ရရှိခဲ့ပြီး ယမန်နှစ်နှင့် နှိုင်းယှဉ်လျှင် ကိုးရာခိုင်နှုန်းကျော် မြင့်တက်ခဲ့ကြောင်း ဇန်နဝါရီ ၂၉ ရက်တွင် နိုင်ငံပိုင်မီဒီယာ၏ ဖော်ပြချက်အရ သိရသည်။

သီရိလင်္ကာနိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် လက်ဖက်ခြောက် ကီလို ၂၄၁ ဒသမ ၉၁ သန်း တင်ပို့နိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် လက်ဖက်ခြောက် ကီလို ၂၄၅ ဒသမ ၇၉ သန်း တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။ ထို့ပြင် သီရိလင်္ကာနိုင်ငံသည် ၂၀၂၄ ခုနှစ်တွင်တင်ပို့သည့် လက်ဖက်ခြောက် တစ်ကီလိုလျှင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၈၄ ဒေါ်လာ ရရှိခဲ့သည်။

လက်ဖက်ခြောက်လုပ်ငန်းသည် သီရိလင်္ကာနိုင်ငံ၏ နိုင်ငံခြားငွေ အများဆုံးရရှိသည့် လုပ်ငန်းတစ်ခုဖြစ်သည်။ ဒေသမီဒီယာများ၏ ဖော်ပြချက်အရ သီရိလင်္ကာနိုင်ငံ၏ လက်ဖက်ခြောက်ကို အီရတ်နိုင်ငံက အများဆုံးတင်သွင်းပြီး ရုရှားနှင့် ယူအေအီးနိုင်ငံတို့က ဒုတိယအများဆုံးတင်သွင်းကြောင်း သိရသည်။

ဆင်ဟွာ




# ပေါင်မြို့နယ်၌ ကုန်ဈေးနှုန်းများ အခြေခံစားသောက်ကုန်စည်များ ရောင်းချပေးလျက်ရှိ

**ပေါင် ဇန်နဝါရီ ၂၉**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ကုန်ဈေးနှုန်းများ တည်ငြိမ်ကျဆင်းစေရေး အခြေခံစားသောက်ကုန်စည်များ ရောင်းချပေးခြင်းကို ဇန်နဝါရီ ၂၉ ရက်က ကဒါရပ်ကွက် မင်္ဂလာဈေးတွင် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ရောင်းချရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် အခြေခံစားသောက်ကုန်စည်များဖြစ်သည့် အမဲသား၊ ဝက်သား၊ ဆန်၊ ဆီ၊ ကြက်ဥ စသည်တို့ကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ရာ အများပြည်သူများ ဝယ်ယူအားပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဈေးရောင်းချခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထင်လင်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သံမရောင်၊ အဖွဲ့ဝင် ဦးကျော်လင်းဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးနှင့် ဈေးကော်မတီဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက သက်သာချောင်ချိရေးဆိုင်တွင် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)



# ပေါင်းတည်၌ ဆောင်းသီးနှံ ပဲတီစိမ်း ၉၇၃၁ ဧက စိုက်ပျိုးကာ ဖြစ်ထွန်းအောင်မြင်ရေး ဆောင်ရွက်လျက်ရှိ

**ပေါင်းတည် ဇန်နဝါရီ ၂၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဆောင်းသီးနှံ ပဲတီစိမ်း စုစုပေါင်း ၉၇၃၁ ဧက စိုက်ပျိုးထားကြပြီး ဖြစ်ထွန်းအောင်မြင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။

ပေါင်းတည်မြို့နယ်ရှိ တောင်သူများသည် စိုက်ပျိုးမြေအမျိုးအစားအလိုက် သင့်တော်သည့်ရေဆင်း ၁၄ နှင့် G3 ပဲတီစိမ်းမျိုးများကို စိုက်ပျိုးလေ့ရှိကြောင်း သိရပြီး ရေဆင်း၁၄ မှာ သက်တမ်း ရက် ၆၀ မှ ရက် ၇၀ မျိုးဖြစ်ကြောင်း၊ တစ်ဧကအထွက်နှုန်း ၂၅ တင်းမှ တင်း ၃၀ အထိ အထွက်အားကောင်းတတ်ကြောင်း၊ G3 မျိုးမှာ သက်တမ်း ရက် ၇၀ မှ ရက် ၈၀ မျိုးဖြစ်ကာ တစ်ဧက တင်း ၃၀ မှ ၃၅ တင်းအထိ ထွက်ရှိတတ်ကြောင်း ပဲစိုက်တောင်သူတစ်ဦးက ပြောသည်။



ယခုနှစ်တွင် မြို့နယ်အတွင်းစိုက်ပျိုးရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ပဲမျိုးစုံစိုက်ပျိုးဖြစ်ထွန်းရေး၊ သီးနှံများအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေးတို့အတွက် သီးထပ်စွမ်းအားနှင့် စိုက်စွမ်းအားများ တိုးမြှင့်ကာ အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရေးကို မြို့နယ်စိုက်ပျိုးမှု ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက နိုင်ငံတော်၏ ညွှန်ကြားမှုများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြရာ နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့်အတူ တောင်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းနိုင်စေရေးတို့အတွက် တောင်သူများနှင့် ပူးပေါင်းကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ၂၀၂၅ ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်း ၅၀ ထည့်သွင်းကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၉**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၃) ကြိမ်မြောက် ထိုင်းဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်း ၅၀ ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ထိုင်းနိုင်ငံအနေဖြင့် ဆီးဂိမ်းပြိုင်ပွဲကို အိမ်ရှင်အဖြစ် ခုနစ်ကြိမ်မြောက် ကျင်းပခြင်းဖြစ်သည်။

လာမည့်ဆီးဂိမ်းပြိုင်ပွဲတွင် ရေကူး၊ ပြေးခုန်ပစ်၊ မြားပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ လှေလှော် (ကနူး/ကယက်၊ အပြည်ပြည်ဆိုင်ရာ၊ ရိုးရာလှေ)၊ စက်ဘီး၊ မြင်းစီး၊ ခားရေး၊ ဘောလုံး/ဖူဆယ်၊ ဂေါက်သီး၊ ကျွမ်းဘား၊ Handball၊ ဟော်ကီ၊ ဂျူဒို၊ ရပ်ဘီ၊ ရွက်လှေ၊ သေနတ်ပစ်၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ ဘော်လီဘော၊ နပန်း၊ ရေခဲပြင်စကိတ်၊ Modern pentathlon၊ အလေးမ၊ ဘော့စ်ဘော၊ ဘိလိယက်နှင့် စနူကာ၊ လက်ဝှေ့၊ Floorball၊ E-Sports၊ မွေလက်ဝှေ့၊ ပန်ကြပ်ဆီလတ်၊ ပီတန်း၊ ပိုက်ကျော်ခြင်း၊ Squash၊ ဘိုးလင်း၊ Extreme sports၊ ကရာတေး၊ ဂျူဂျစ်ဆု၊ ခရစ်ကတ်၊ ဝူရှူး၊ Kabaddi၊ Teqball၊ ကစ်ဘောင်ဆင်၊ Woodball နှင့် စစ်တုရင်အားကစားနည်းများ ပါဝင် မည်ဖြစ်သည်။ (၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ဘန်ကောက်မြို့၊ ချောင်ဘူရီမြို့၊ ဆောင်ခလာမြို့တို့၌ ကျင်းပမည်ဖြစ်သည်။

မြန်မာအားကစားအဖွဲ့သည် လာမည့်ဆီးဂိမ်းစ်ပြိုင်ပွဲအတွက် စတင်ပြင်ဆင်နေပြီဖြစ်ပြီး ၂၀၂၃ ကမ္ဘောဒီးယားဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ် ၂၁ ခု၊ ငွေတံဆိပ် ၂၅ ခု၊ ကြေးတံဆိပ် ၆၈ ခု ဆွတ်ခူးရရှိခဲ့သည်။

ရဲရင့်လွင်

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀- ၁ - ၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၃၀ | ၃၂၄၅ | ၃၂၁၀ | ၃၁၄၅ | ၃၂၅၀ | ၃၂၆၅ | ၃၂၈၅ | ၃၂၀၀ | ၄၅၈၅ | ၃၄၉၅ | ၃၃၁၀ | ၃၃၁၀ | ၃၂၉၀ | ၃၂၅၅ | ၃၂၇၅ | ၃၅၃၅ | ၄၁၀၀ |
| 95 Ron | ၃၂၀၀ | ၃၃၀၅ | ၃၂၈၀ | ၃၂၁၅ | ၃၃၂၀ | ၃၃၃၅ | ၃၃၅၀ | ၃၂၇၀ | ၄၅၆၀ | ၃၅၆၅ | ၃၂၉၀ | ၃၂၉၀ | ၃၃၆၀ | ၃၃၂၅ | ၃၃၄၅ | ၃၆၀၅ | ၄၂၅၀ |
| HSD (500 ppm) | ၂၈၆၅ | ၂၉၈၀ | ၂၉၄၅ | ၂၈၈၀ | ၂၉၈၅ | ၃၀၀၀ | ၃၀၁၅ | ၂၉၃၅ | - | ၃၂၃၀ | ၂၉၅၅ | ၂၉၅၅ | ၃၀၂၅ | ၂၉၉၀ | ၃၀၁၀ | ၃၂၇၀ | ၄၁၀၀ |
| HSD (50 ppm) | ၃၅၂၅ | ၃၆၃၅ | ၃၆၀၀ | ၃၅၃၅ | ၃၆၄၀ | ၃၆၅၅ | ၃၆၇၅ | ၃၅၉၅ | ၄၈၃၀ | ၃၈၈၅ | ၃၆၁၀ | ၃၆၁၀ | ၃၆၈၀ | ၃၆၄၅ | ၃၆၇၀ | ၃၉၂၅ | - |
| HSD (10 ppm) | ၃၅၂၅ | ၃၆၃၅ | ၃၆၀၀ | ၃၅၃၅ | ၃၆၄၀ | ၃၆၅၅ | ၃၆၇၅ | ၃၅၉၅ | - | ၃၈၈၅ | ၃၆၁၀ | ၃၆၁၀ | ၃၆၈၀ | ၃၆၄၅ | ၃၆၇၀ | ၃၉၂၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၅၇ | ၃၀၅၀ |
| 95 Ron | ၃၀၂၅ | ၃၁၁၉ |
| HSD (500 ppm) | ၂၇၀၀ | ၂၇၈၃ |
| HSD (50 ppm) | ၃၃၃၇ | ၃၄၃၃ |
| HSD (10 ppm) | ၃၃၃၇ | ၃၄၃၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**





# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဗ္ဗန်)နှင့် မြစ်ရေယာဉ် (စကု) တို့ ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ကျုံမငဲ့ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၉**

ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံ ရေယာဉ်(ရွှေပုဗ္ဗန်)၊ မြစ်ရေယာဉ်(စကု) တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ကျိုက်လတ်မြို့နယ် ကျုံမငဲ့ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၁၆ ဦးအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၇၄ ဦး၊ ခွဲစိတ်ရောဂါ ၁၉ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၅ ဦး၊ ကလေးရောဂါ ၅၃ ဦး၊ အရိုးရောဂါ ၆၄ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၄ ဦး၊ မျက်စိရောဂါ ၇၉ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၇၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့





အနက် အထွေထွေခွဲစိတ်လူနာ ခြောက်ဦး၊ မျက်စိလူနာ ခြောက်ဦး၊ ခါတ်မှန်ရိုက်လူနာ ၁၇ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၇ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သည့် လူနာသုံးဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါသည်–

"မျက်စိလည်း မကောင်းဘူး။ သွားတွေလည်း မကောင်းဘူး။ အဲဒါနဲ့ လာပြတာပါ။ ဆရာဝန်တွေက အခမဲ့ ဆေးလာကုပေးမယ်ဆိုတော့ ဝမ်းသာတာပေါ့။ လာမယ်ဆိုပြီး သတင်းကြားလိုက်ကတည်းက ပြမယ်ဆိုပြီး တကဲကဲ လုပ်နေတာပါ။ အခုက အစစ အရာရာ အဆင်ပြေတယ်လေ။ ကိုယ့်ရပ်ရွာနဲ့ နီးနီးနားနား လာကုတော့ ကုန်းကြောင်းလာလို့ရတယ်။ အိမ်တိုင်ရာရောက် လာရောက်ကုသ ပေးသလိုပဲ။ အားလုံးရဲ့ကိုယ်စား အထူးပဲ ကျေးဇူးတင်ပါတယ်။"



"လေဖြတ်တဲ့အတွက်ကြောင့် အကြောတွေတက်တယ်၊ အကြောတွေ ဆိုင်းတယ်၊ မျက်လုံးတွေ မှုန်တာ သုံးနှစ်၊ လေးနှစ်လောက် ဖြစ်နေတာ ဘာမှမလုပ်နိုင်ဘူး။ အပြင်ဆေးခန်းမှာ တစ်လတစ်ခါ ပြနေရပါတယ်။ အပြင်မှာ ပြရင် ပိုက်ဆံလည်း တော်တော်ပေးရပါတယ်။ ဒီမှာလာပြတော့ အခကြေးငွေ မပေးရတဲ့အတွက် အလွန်အဆင်ပြေပါတယ်။ အခက်အခဲအနေနဲ့ကတော့ မထနိုင် မစားနိုင် ဖြစ်နေတာပါ။ အခုလို အခမဲ့ နယ်လှည့် ဆေးကုသရေးအဖွဲ့က ဆရာဝန်၊ ဆရာမတွေကို အထူးပဲ ကျေးဇူးတင်ပါတယ်။ နိုင်ငံတော်အကြီးအကဲတွေကိုလည်း အထူး ကျေးဇူးတင်ပါတယ်။ ဝမ်းလည်း ဝမ်းသာပါတယ်" ဟု ဆိုသည်။

**သတင်းစဉ်**






# လောင်းလုံမြို့နယ်နှင့် ရေဖြူမြို့နယ်အစပ်ရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်း၍ ပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရကြောင်း မဟုတ်မမှန် လုပ်ကြံ ဝါဒဖြန့်ချိလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၉**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ်နှင့် ရေဖြူမြို့နယ်အစပ်ရှိ ကျေးရွာများကို ဇန်နဝါရီလ ပိုင်းမှစတင်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်း၍ ပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်ချိမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်ပြီး သက်ဆိုင်ရာ နယ်မြေလုံခြုံရေး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနယ်မြေများအတွင်း အကြမ်းဖက်သမားများ တရားမဝင်ခိုအောင်းစိမ့်ဝင်မှု မရှိစေရေးနှင့် အကြမ်းဖက်လုပ်ငန်းများ မလုပ်ဆောင်နိုင်စေရန်အတွက် လိုအပ်သော နယ်မြေ လုံခြုံရေးလုပ်ငန်းများကို နေ့ညမပြတ် စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားပြီး စိုးရိမ်ထိတ်လန့်စေရန်နှင့် နယ်မြေတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရည်ရွယ်၍ ယခုကဲ့သို့ အခြေအမြစ်မရှိသည့် သတင်းအမှားများကို လုပ်ကြံရေးသားဝါဒဖြန့်ဝေ နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ချင်းပြည်နယ် ဟားခါးမြို့၌ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော Grade-11 နှင့် Grade-12 ဆရာများအတွက် ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) သင်တန်းဆင်းပွဲ ကျင်းပ

**ဟားခါး ဇန်နဝါရီ ၂၉**

ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော Grade-11 နှင့် Grade-12 ဆရာများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) သင်တန်း ဆင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ် အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်း အဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်နှင့် ဇနီး၊ ပြည်နယ်တရား လွှတ်တော် တရားသူကြီးချုပ် ဦးနေစိုး၊ ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ၎င်းတို့၏ ဇနီး များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် in-person ဖြင့် သင်တန်းရောက်သည့် ဆရာ ဆရာမ များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က လူ့အဖွဲ့ အစည်းအတွင်း၌ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရန် လူတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည် မြင့်မားရေးအတွက် အခြေခံအုတ်မြစ်သည် ပညာရေး ဖြစ်ကြောင်း၊ ယနေ့ကာလတွင် နိုင်ငံအသီးသီးက တိုးတက်နေသော လူမှုရေး၊ ယဉ်ကျေးမှု၊ သိပ္ပံပညာ ရပ်နယ်ပယ်တို့နှင့်အညီ လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းပြီး စနစ်တကျ ထိန်းသိမ်းဆောင်ရွက်လျက် ရှိကြောင်း၊ ဥပဒေသည် အဓိကအားဖြင့် ပြည်သူများ အတွက်သာ ဖြစ်ကြောင်း၊ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူ လူငယ်များသည် ပြည်သူ များပင်ဖြစ်ကြောင်း၊ ထို့ကြောင့် နောင်တစ်ချိန်တွင် နိုင်ငံတော်၏ တာဝန်များကို ပခုံးပြောင်းထမ်းဆောင် ကြမည့် ကျောင်းသား ကျောင်းသူ လူငယ်များကို ဥပဒေများလေးစားလိုက်နာတတ်သည့် အလေ့အကျင့် ကောင်းများ ရရှိစေရန်ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရ ခြင်းဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးတိုးတက်နေသည့် ဒီမိုကရေစီနိုင်ငံများကိုကြည့်မည်ဆိုပါက ၎င်းနိုင်ငံ တွင်နေထိုင်ကြသော ပြည်သူ ပြည်သားများက ထုတ်ပြန်ထားသည့် ဥပဒေများကို လေးစားလိုက်နာ နေထိုင်ကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ် သင်တန်းတက်ရောက်ခဲ့ကြသည့် ဆရာ ဆရာမများ အနေဖြင့် မိမိတို့ရရှိသည့် ဥပဒေအသိပညာများ ကို ကျောင်းသား ကျောင်းသူများထံသို့ ပြန်လည် မျှဝေကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြား သည်။




ထို့နောက် ချင်းပြည်နယ် ဥပဒေအရာရှိ ဦးအောင်ကိုမြတ်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်က လည်းကောင်း၊ သင်တန်းတက်ရောက်ခဲ့ကြသည့် ဆရာ ဆရာမများအတွက် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဂုဏ်ပြုငွေများကို ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး ကလည်းကောင်း၊ သင်တန်းပြီးမြောက်ကြောင်း အသိအမှတ်ပြုလက်မှတ်များကို ပြည်နယ်ဥပဒေချုပ် ဦးဆွန်ဒုတ်ကျင်ကလည်းကောင်း ပေးအပ်ချီးမြှင့် ကြပြီး သင်တန်းတက်ရောက်နေကြသည့် ဆရာ ဆရာမများကိုယ်စား ဆရာတစ်ဦးက ကျေးဇူးတင် စကားပြောကြား၍ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကြကာ ပြည်နယ်ဝန်ကြီးချုပ်က သင်တန်း တက်ရောက်ကြသည့် ဆရာ ဆရာမများကို အားပေး စကားပြောကြားသည်။

အဆိုပါ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေး ဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော Grade – 11 နှင့် Grade –12 ဆရာများအတွက် ဥပဒေအသိပညာ ပြန့်ပွားရေးဆရာဖြစ်သင်တန်း အမှတ်စဉ် (၁/၂၀၂၅) သင်တန်းတွင် ဆရာ ဆရာမ ၃၀ က in-person ဖြင့်လည်းကောင်း၊ ၅၂ ဦးက Online Zoom Application ဖြင့် လည်းကောင်း စုစုပေါင်း ၈၂ ဦး တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

## ထူးခြားသည့် ညအပူချိန်များ

၂၉-၁-၂၀၂၅

| | | | |
|---|---|---|---|
| ဟားခါးမြို့ | -၂ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန်မြို့ | ၅ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန်မြို့ (ရှမ်းပြည်နယ်တောင်ပိုင်း) | ၅ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနားမြို့ | ၇ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင်မြို့ | ၇ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအိုမြို့ | ၈ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| စစ်တွေမြို့ | ၈ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုးမြို့ | ၉ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်းမြို့ | ၉ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင်မြို့ | ၉ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်းမြို့ | ၁၀ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မချမ်းဘောမြို့ | ၁၀ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူမြို့ | ၁၀ | ၅ | ဒီဂရီဆဲလ်စီးယပ် |

(Each value is printed as "N ဒသမ N", e.g. ဟားခါးမြို့ -၂ ဒသမ ၁ ဒီဂရီဆဲလ်စီးယပ်.)

မိုး/ဇလ

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြု ခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင် ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့် လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ် အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြု ချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိ ထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်း များ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံ ဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲယမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ် တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်း များ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

## အောင်ဆန်းတောရတပ်ဦးကျောင်း၌ မိုးကုတ်ဝိပဿနာ ၁၀ ရက် ဝိဇ္ဇာတတရားစခန်းပွဲဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အောင်ဆန်းတောရ တပ်ဦးကျောင်း၌ (၁၉၉)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ ၁၀ရက် ဝိဇ္ဇာတတရားစခန်းပွဲကို ယောဂီ ၁၀၀၀ ကျော်ဖြင့် အဆိုပါကျောင်းတိုက် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ်(၇၇)၌ ဖွင့်လှစ်သည်။

ထိုတရားစခန်းပွဲကို အင်းစိန်မြို့နယ် သံဃနာယကအဖွဲ့ ဩဝါဒါစရိယ ပြည်တွင်းပြည်ပ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ အရှင်သူမြတ်၏ သက်တော် ၇၈ နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ်၊ (၁၉၉)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ ပြာသိုလ ၁၀ ရက် ဝိဇ္ဇာတတရားစခန်းပွဲကို ဇန်နဝါရီ ၂၀ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်လျက်ရှိသည်။

ဇွဲထက်ကို(ပြန်/ဆက်)



## ကွန်ဟိန်းမြို့နယ်၌ ပန်မှုံ့-ဝမ်ဟိန်းလမ်းအား ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ပြီးစီးမှုစစ်ဆေး

**ကွန်ဟိန်း ဇန်နဝါရီ ၂၉**



ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးရွာခြောက်ရွာကို အကျိုးပြုသည့် ပန်မှုံ့-ဝမ်ဟိန်း လမ်းအား ကျောက်ချောလမ်းမှ ကတ္တရာလမ်းသို့ အဆင့်မြှင့်တင်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၂၈ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ ကွန်ဟိန်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ-၁ (မြို့ပြ) ဦးကျော်မိုးဦးနှင့် အရည်အသွေး ထိန်းသိမ်းရေး အဖွဲ့များက ကွင်းဆင်းစစ်ဆေးခဲ့ရာ တင်ဒါအောင်မြင်ခဲ့သည့် ကုမ္ပဏီမှ တာဝန်ရှိသူများက လမ်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ကျေးရွာရှိ ရပ်မိရပ်ဖများ၊ လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းကြိုးစား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ပန်မှုံ့-ဝမ်ဟိန်း လမ်းသည် အရှည် သုံးဖာလုံ၊ အကျယ် ၁၂ပေ၊ ဒု ကိုးလက်မရှိ ကျောက်ချောလမ်းမှ ကတ္တရာလမ်းသို့ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၃၀ ဒသမ ၀၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **မောင်ခိုင်**

## လက်ပံတန်းမြို့၌ သစ်တောထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော



**လက်ပံတန်း ဇန်နဝါရီ ၂၉**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်တွင် သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေး၊ မီးခိုးမြူငွေ့ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၇ ရက်က ကျွန်းကလေးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ကျင်းပရာ သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းထိုက်က သစ်တောနှင့် သယံဇာတထိန်းသိမ်းရေးဆိုင်ရာများကိုလည်းကောင်း၊ တောအုပ်ကြီး ဦးမြတ်သူရဇော်က မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာများကို လည်းကောင်း၊ မီးသတ်ဦးစီးမှူး ဦးလင်းကျော်က မီးဘေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။

**အောင်ဆင့်**

## မိုးနဲမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေး

**မိုးနဲ ဇန်နဝါရီ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ သတ္တမအကြိမ်မြောက် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက နမ့်မော်လေကျေးရွာ၌ ထုတ်ချေးပေးသည်။

ဦးစွာ မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအာကာဖြိုးက နမ့်မော်လေ၊ နားလင်းကျေးရွာများရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသားအသင်းသူများနှင့် တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅၄ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နမ့်မော်လေ၊ နားလင်းကျေးရွာများရှိ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသားအသင်းသူ ၄၁ ဦးအား အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅၄ သိန်းကို အသင်းသား အသင်းသူများ၏ တစ်ဦးချင်း လက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

၂၂

## ကြံခင်းမြို့ရှိ ဌာနဆိုင်ရာရုံးများအား မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

**ကြံခင်း ဇန်နဝါရီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့ပေါ်ရပ်ကွက်များရှိ ဌာနဆိုင်ရာရုံးများ မီးဘေးလုံခြုံရေးအတွက် ဇန်နဝါရီ ၂၈ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကိုကိုနိုင်နှင့်တပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာရုံးများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး မီးသတ်ဆေးဘူးများ၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံး၊ ရေကန်များ စနစ်တကျထားရှိမှုတို့ကို စစ်ဆေးခြင်း၊ မီးသတ်ဆေးဘူး အသုံးပြုနည်း၊ ရုံးတွင်းရုံးပြင် သန့်ရှင်းရေးဆောင်ရွက်ရန်နှင့် လျှပ်စစ်မီးသုံးစွဲရာတွင် ဝိုင်ယာကြိုးများမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားနိုင်သောကြောင့် ဆွေးမြည့်ပေါက်ပြဲနေသောကြိုးများကို လဲလှယ်သုံးစွဲကြရန် အသိပညာပေးဟောပြောခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)



## ဓနုဖြူမြို့ မြို့မဈေးကြီး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ဓနုဖြူ ဇန်နဝါရီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလေ့ကျင့်ခြင်းကို ဇန်နဝါရီ ၂၈ရက်က လေ့ကျင့်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးဝင်းအောင်သူနှင့် ဝန်ထမ်းများ၊ မီးသတ်ဦးစီးမှူးနှင့်အဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များနှင့် ဈေးသူ ဈေးသားများပူးပေါင်း၍ တွေ့ဆုံဆွေးနွေးကြပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ထားရှိမှုများကို ဈေးရုံအတွင်း စစ်ဆေးကြည့်ရှုကာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးနောင်နောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ဖြင့်မီးငြိမ်းသတ်ပြခြင်း၊ မီးသတ်ဆေးဘူးအသုံးပြုပုံကို ရှင်းလင်းပြောကြားခြင်း၊ ဆီမီးလောင်မှုအား မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်မှုများကို သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)




❑ **မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



**PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက် အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အားထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## ဟသ်ာတအကျဉ်းထောင်၌ ကျန်းမာရေးအသိပညာပေးခြင်းနှင့် ရှာဖွေကုသခြင်းလုပ်ငန်းများ ဆောင်ရွက်



ဟသ်ာတ ဇန်နဝါရီ ၂၉

ဟသ်ာတအကျဉ်းထောင်တွင် အကျဉ်းသား/အချုပ်သားများအား ကျန်းမာရေးအသိပညာပေးခြင်းနှင့် ရှာဖွေကုသခြင်းလုပ်ငန်းများကို ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေခြည်ထက်ထက်လင်းအောင် ဦးဆောင်သော ခရိုင်နှင့်မြို့နယ်ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက အကျဉ်းသား/အချုပ်သား ၇၇၂ ဦးတို့အား TB, HIV, Syphilis နှင့် Leprosy ရောဂါများအကြောင်း ကျန်းမာရေးအသိပညာပေးခြင်းနှင့် ရှာဖွေကုသခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပြီး အဆိုပါကျန်းမာရေးအသိပညာပေးခြင်းနှင့် ရှာဖွေကုသခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်ကြာ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့ငြှိမ်းသတ်နည်း သရုပ်ပြသ

ရမည်းသင်း ဇန်နဝါရီ ၂၉

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင်အတွင်း မီးဘေးအန္တရာယ်ကင်းဝေးရေးအတွက် ခရိုင်မီးသတ်ဦးစီးဌာနနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးရုံးတို့ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက် ၉နာရီက ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ ဆောင်ရွက်သည်။

ဦးစွာ ခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်ခင်ဆင့်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ရှင်းလင်းဟောပြောပြီး အရေးပေါ်မီးလောင်မှုဖြစ်ပွားသည့်အခါ မီးငြှိမ်းသတ်ရေးကိရိယာအမျိုးမျိုးနှင့် မီးသတ်ဆေးဘူးများကိုလက်တွေ့အသုံးပြု၍ စနစ်တကျ မီးငြှိမ်းသတ်ခြင်းများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မင်းဟန်းနှင့် ခရိုင်ရဲတပ်ဖွဲ့ဝင် ၃၅ ဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး၏ဇနီး ဒေါ်ခင်ဝင်းရွှေနှင့် ရဲတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ၊ ခရိုင်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ မီးသတ်ဆေးဘူးစသည်တို့ကို လက်တွေ့ငြှိမ်းသတ်ဖြင့် မီးငြှိမ်းသတ်ခြင်း၊ ဆီမီးလောင်းခြင်း ငြှိမ်းသတ်နည်း သရုပ်ပြ လေ့ကျင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## နွေစပါးစိုက်ပျိုးသည့် သမဝါယမအသင်းသား တောင်သူများအတွက် သွင်းအားစုများပေးအပ်

ပြည် ဇန်နဝါရီ ၂၉

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၌ သမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် (၂၀၂၄-၂၀၂၅) ဘဏ္ဍာနှစ် နွေစပါး စိုက်ပျိုးသည့် သမဝါယမအသင်းသား တောင်သူများအတွက် သွင်းအားစုပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်မြို့ ရွှေတံခါးရပ်ကွက် တာဂွလမ်းဆုံအနီးရှိ (သမာခိ)မျိုးစေ့နှင့်စိုက်ပျိုးရေးသုံးဆေးပစ္စည်း အရောင်းဆိုင်၌ ကျင်းပသည်။



အဆိုပါ သွင်းအားစုပေးအပ်ပွဲတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းသိန်းနှင့် မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများက ပြည်မြို့နယ်၌ (၂၀၂၄-၂၀၂၅) ဘဏ္ဍာနှစ် နွေစပါးစိုက်ပျိုးသည့် အခြေခံသမဝါယမအသင်းသုံးသင်းမှ အသင်းသားတောင်သူ ၁၀၁ ဦး၏ စိုက်ဧက ၇၂၀ အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းနှင့် ညီမျှသော သွင်းအားစုများကို တောင်သူများ ထံလက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

ယင်းပေးအပ်ပွဲသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ် သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများနှင့် အသင်းသားတောင်သူများ တက်ရောက်ကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**



## ဟိုပုံးမြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

ဟိုပုံး ဇန်နဝါရီ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက နမ့်ခုတ်ကျေးရွာအုပ်စု နမ့်ခုတ်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လှိုင်ဆွေက သစ်တောထိန်းသိမ်းရေး၊ သစ်တော၊ သစ်ပင်စိုက်ပျိုးပြုစုသည့် နည်းစနစ်များ၊ သစ်တော၊ သစ်ပင်များက ပေးစွမ်းနိုင်သည့် အကျိုးကျေးဇူးများနှင့် မီးခိုးမြူငွေ့အန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လျှော့နည်းစေရေးအစီအစဉ်များကိုလည်းကောင်း၊ တောအုပ်ကြီး ဦးရဲဝင်းက ရေသယံဇာတရေရှည်တည်တံ့စေရေးအတွက် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ရမည့် အကြောင်းအရာများကို လည်းကောင်း အသိပညာပေးဟောပြောသည်။ ထို့နောက် တက်ရောက်လာသည့် ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ပြီး အဆိုပါဟောပြောပွဲသို့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

- **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေ ဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ပွင့်လင်းရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ နွေဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ တစ်ခါတစ်ရံ ရေကြီးရေလျှံခြင်းများနှင့် မီးလောင်ကျွမ်းမှုများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် လေပြင်းတိုက်ခတ်မှုအန္တရာယ်၊ ရေကြီးရေလျှံမှုအန္တရာယ်နှင့် မီးဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့်ပဲမှော်အစရှိသည့် တိရစ္ဆာန်အစာနှင့်သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၆) မီးချိတ်၊ မီးကတ်၊ သဲပုံး၊ ရေပုံးနှင့် တစ်ပိုင်တစ်နိုင် ကနဦးမီးငြှိမ်းသတ်နိုင်သော မီးသတ်ဆေးဘူးများအား အလွယ်တကူ ရယူနိုင်သောနေရာတွင်ထားရှိပြီး အဆင်သင့် အနေအထားဖြစ်နေရန်နှင့် မီးတားလမ်းများ ပြုလုပ်ထားရှိရန်၊

(၇) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှုအမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## ကော့မှူးမြို့နယ်၌ မျက်စိခွဲစိတ်ကုသရမည့် လူနာများအား ကူညီပို့ဆောင်ပေး

**ကော့မှူး ဇန်နဝါရီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်၌ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ရန်ကုန်တိုင်းဒေသကြီး ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် "မရှု၍ မလင်းသူ မရှိစေရ" ကုသရေး အစီအစဉ်တွင် မျက်စိခွဲစိတ် ကုသရမည့်မျက်စိဝေဒနာရှင်လူနာများ ဆေးရုံတက်ရောက်ကုသနိုင်ရန် ကော့မှူးမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ဦးဆောင်၍ ဗဟန်းအမျိုးသမီးဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။



အဆိုပါ မျက်စိခွဲစိတ်ရမည့် လူနာလေးဦးအား ပို့ဆောင်ပေးခဲ့ရာတွင် မျက်စိခွဲစိတ်ကုသရမည့် လူနာများအား ဆရာဝန်များက စမ်းသပ်စစ်ဆေးခြင်း၊ ကုသဆောင်များတွင် နေရာချထားပေးခြင်းများကို မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သည်။ **ကျော်သူရ (ကော့မှူး)**

## မိတ္ထီလာမြို့မရဲစခန်း၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်မှုသရုပ်ပြ

**မိတ္ထီလာ ဇန်နဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မြို့မရဲစခန်း၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်မှု သရုပ်ပြခြင်းကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို ခရိုင်ရဲတပ်ဖွဲ့ သင်တန်းခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မြသန်းက အမှာစကားပြောကြားပြီး ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက် ညွှန်ကြားရေးမှူး ဦးကျော်ဆန်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာများကို အသိပညာပေးဟောပြောသည်။ ထို့နောက်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မြသန်း၊ သက်ဆိုင်ရာရဲစခန်းမှူးများ၊ တပ်ဖွဲ့ဝင်များနှင့် မိသားစုစည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ မိသားစုဝင်များနှင့်အတူ မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်မှုကို ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

## ဒုတိယအကြိမ် ကျောင်းတွင်းအာဟာရကျွေးမွေးမှုဆောင်ရွက်

**မိတ္ထီလာ ဇန်နဝါရီ ၂၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်းမှ အခြေခံပညာကျောင်းပေါင်း ၂၆၃ ကျောင်းတွင် ပညာသင်ယူနေသော ကျောင်းသူကျောင်းသား ၄၈၄၆ ဦးအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဒုတိယအကြိမ် ကျောင်းတွင်းအာဟာရကျွေးမွေးမှုကို ယမန်နေ့က အထက(ချည်စက်)၌ ပြုလုပ်ခဲ့သည်။

အဆိုပါ ကျောင်းတွင်းအာဟာရကျွေးမွေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ကျောင်းအုပ်နှင့် ဆရာဆရာမများက အထက(ချည်စက်) ရှိ KG တန်းတွင် ပညာသင်ကြားနေသော ကျောင်းသူကျောင်းသားများအား အာဟာရကျွေးမွေးခြင်းများ ဆောင်ရွက်ခဲ့သည်။ အလားတူ မြို့နယ်အတွင်းရှိ အခြားအခြေခံပညာကျောင်းပေါင်း ၂၆၂ ကျောင်းရှိ KG ကျောင်းသူ ကျောင်းသားများအား ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းများ ဆောင်ရွက်ခဲ့သည်။



အဆိုပါ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို ယခု ဒုတိယအကြိမ်အပါအဝင် ဇန်နဝါရီလအတွင်းနှစ်ကြိမ်နှင့် ဖေဖော်ဝါရီလအတွင်း တစ်ကြိမ် စုစုပေါင်းသုံးကြိမ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

### မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့်နေရာများ(နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေ များတွင် မိမိရှေ့က မော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊
(ခ) လမ်းဆုံလမ်းခွ၊
(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊
(ဃ) ကုန်းအတက်နှင့် ကုန်းထိပ်၊
(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊
(စ) လမ်းကျဉ်းအတွင်း၊
(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊
(ဇ) လမ်းအလယ်တွင် မျဉ်းဖြူ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊
(ဈ) တစ်ဆက်တည်းမျဉ်းကြောင်း သတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊
(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊
(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊
(ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက်(Yellow Box)နေရာ၊
(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်း လျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

### ဆောင်းရာသီတွင်ဖြစ်ပွားလေ့ရှိသော လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ကူးစက်ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန် အသိပေးနှိုးဆော်ချက် (၁၃-၁-၂၀၂၅)

ဆောင်းရာသီကာလတွင် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားစေတတ်သော ရာသီတုပ်ကွေးရောဂါပိုးများ၊ ကိုဗစ်-၁၉ ရောဂါပိုး၊ Human metapneumovirus(HMPV) ရောဂါပိုးစသည့် အဏုဇီဝရောဂါပိုးများ ကူးစက်ဖြစ်ပွားမှုမြင့်တက်လေ့ရှိပြီး ကလေးငယ်များ၊ အသက်အရွယ်ကြီးရင့်သူများနှင့် ကိုယ်ခံအားစနစ် ကျဆင်းနေသူများတွင် ရောဂါပိုမိုပြင်းထန်စွာ ခံစားရစေနိုင်သည်။

**ရောဂါကူးစက်ပုံနည်းလမ်းများ**

- ရောဂါပိုးကူးစက်ခံစားနေရသူ၏ ချောင်းဆိုးခြင်း၊ နှာချေခြင်းတို့မှထွက်ရှိသည့် အစက်အမှုန်များ(Droplets) မှတစ်ဆင့် ကူးစက်ခြင်း။
- ရောဂါပိုးကူးစက်ခံစားနေရသူနှင့် အနီးကပ်ထိတွေ့ခြင်း၊ လက်ဆွဲနှုတ်ဆက်ခြင်းမှ တစ်ဆင့်ကူးစက်ခြင်း၊
- ရောဂါပိုးကပ်တင်နေသည့် အရာဝတ္ထုပစ္စည်းများ၊ မျက်နှာပြင်များအား လက်ဖြင့်ထိမိပြီး ပါးစပ်၊နှာခေါင်းနှင့် မျက်စိတို့အား ထပ်ဆင့်ထိမိရာမှ တစ်ဆင့်ကူးစက်ခြင်း။

**ရောဂါလက္ခဏာများ**

- ချောင်းဆိုးခြင်း၊ ဖျားခြင်း၊ နှာစေးနှာပိတ်ခြင်း၊ လည်ချောင်းနာခြင်း၊ အသက်ရှူကြပ်ခြင်း၊
- ရောဂါပြင်းထန်ပါက လေပွန်ရောင်ခြင်း၊ အဆုတ်ရောင်ခြင်း။

**ရောဂါကာကွယ်ရေးနည်းလမ်းများ**

- ရောဂါသံသယလက္ခဏာများ ခံစားရပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ဝတ်ဆင်ခြင်း၊ ဆပ်ပြာနှင့်ရေ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်ဖြင့် စနစ်တကျလက်ဆေးခြင်း၊ နှာချေ၊ ချောင်းဆိုးပါက နှာခေါင်းနှင့် ပါးစပ်ကို လုံခြုံအောင်ဖုံးအုပ်ခြင်း၊ အခြားသူများနှင့် ခပ်ခွာခွာနေခြင်း။

**လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြစ်ပွားမှု မြင့်တက်လျက်ရှိသော ပြည်ပနိုင်ငံများသို့ သွားရောက်မည့်သူများအနေဖြင့် ရောဂါကူးစက်ခံရမှုမရှိစေရေး သတိပြုကာကွယ်ကြရန်နှင့် မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် သံသယလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ စောစီးစွာ သွားရောက်ပြသ၍ ကုသမှုခံယူကြရန် ဖြစ်ပါသည်။**

ကျန်းမာရေးဝန်ကြီးဌာန

စာအုပ်
စာပေ
လူ့မိတ်ဆွေ

## မြိတ်မြို့၌ မီးခိုးမြူငွေ့အန္တရာယ်နှင့် လေထုညစ်ညမ်းမှုအကြောင်း အသိပညာပေးဟောပြောပွဲကျင်းပ

**မြိတ် ဇန်နဝါရီ ၂၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ မီးခိုးမြူငွေ့အန္တရာယ်နှင့် လေထုညစ်ညမ်းမှုအကြောင်း အသိပညာပေးဟောပြောပွဲကို မြိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ကြီးမှူး၍ ယမန်နေ့က Polytechnic University (Myeik)၌ ပြုလုပ်ကြသည်။ **(အောက်ပုံ)**

အဆိုပါအသိပညာပေးဟောပြောပွဲတွင် မြိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်လွင်က မီးခိုးမြူငွေ့အန္တရာယ်နှင့် လေထုညစ်ညမ်းမှုအကြောင်း သိကောင်းစရာများနှင့် မီးခိုးမြူငွေ့၏ အဓိပ္ပာယ်၊ ဖြစ်ပေါ်လာပုံနှင့် အမျိုးအစားများ၊ မီးခိုးမြူငွေ့များ ထွက်ရှိလာသည့် မူလအရင်းအမြစ်များ၊ လေထုညစ်ညမ်းမှုကို အများဆုံးဖြစ်စေသည့်ဓာတ်ငွေ့များ၊ PM 2.5 ကြောင့် သက်ရှိလူသားများ၏ ကျန်းမာရေးအပေါ် ထိခိုက်နိုင်မှုများ၊ ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများ၊ ကာကွယ်ရမည့်နည်းလမ်းများ၊ လိုက်နာဆောင်ရွက်သင့်သည့် နည်းလမ်းများ၊ အခြားနိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်ထားမှုများကို အသိပညာပေးဟောပြောသည်။

ဟောပြောရာတွင် "မမြင်နိုင်သော လူသတ်သမား PM2.5 အကြောင်း" အသိပညာပေး ဗီဒီယိုကလစ်ကိုပြသပြီး ဟောပြောပွဲသို့ ဒုတိယပါမောက္ခချုပ်နှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၇၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**



# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၂၇ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးမြို့နယ်၊ ဆိပ်ဖြူမြို့နယ်နှင့် ပခုက္ကူမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မင်းဘူးမြို့နယ် ဆင်ခေါင်းကျေးရွာအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင် ကျွန်းသစ် ၃ ဒသမ ၅၈၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၂၀၄၆၀) နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် DONEFANG Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၀၀၀၀၀၀) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၃၂၀၄၆၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

**အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ**

ယင်းအပြင် ဇန်နဝါရီ ၂၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၉၃၆၃၅၂) ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ မုံရွာမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၅၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၂၈၈၃၅၂ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Pyay Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။








ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။





မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ် ကံတလူပူးပေါင်း စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Daihatsu Hijet မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းနောက် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျောက်ဆည်မြို့ မြို့ရှောင်လမ်းအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၅၅၅၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ရမည်းသင်းမြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့အတွင်း၌ တရားမဝင် အခြားသစ် ၁၅၄ ဒသမ ၁၅၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၂၇၈၄၀) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၀၃၃၃၉၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

**သစ်တောဥပဒေနှင့်အညီ အရေးယူ**

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ် ရန်ကုန် – ပြည်လမ်းနှင့် ဂျိုးဖြူကန်လမ်းမီးပွိုင့်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၅၆၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၈၉၀၀)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Hino Dutro Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၄၉၈၉၀၀ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆ မှု (ခန့်မှန်း တန်ဖိုးငွေကျပ် ၄၁၁၁၄၁၁၀၂)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**



ကျော်စိုးအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## ကသာမြို့၌ ငွေကျပ်သိန်း ၂၄၆၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၈ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ က ကသာမြို့ ဇေယျာချောင်ရပ်ကွက် ကချင်စုရပ်ရှိ ကျော်စိုး ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄၀၀၀ နှင့် ဘိန်းဖြူ ၀ ဒသမ ၄၅ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ကျော်စိုး (၃၁)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မကြူကြူငွေအား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

## ပြင်ဦးလွင်မြို့နယ်၌ ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၇ ရက် ညနေ ၅ နာရီ မိနစ် ၂၀ က ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာအုပ်စု ဝက်ဝံကျေးရွာအနီးတွင် HILUX SURF အမျိုးအစားခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် မကြူကြူငွေ၏ ခရီးဆောင်အိတ်နှင့် ပလတ်စတစ်ပုံးအတွင်းတို့မှ ဘိန်းဖြူ ၀ ဒသမ ၆၅ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် မကြူကြူငွေ (၃၅)နှစ်အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကြံခင်း ဇန်နဝါရီ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့၌ မီးဘေးအန္တရာယ် မကျရောက်စေရန်နှင့် ကြိုတင် ကာကွယ်မှုများ ပြုလုပ်နိုင်ရန်အတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်းကာ ယနေ့နံနက်ပိုင်းက မြို့မစည်ပင်သာယာဈေးကြီး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးမြင့်အောင်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုနိုင် ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်စာရေး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ဈေးကြီးအတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆိုင်ရာများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



အလားတူ ဘက်ရဲမြို့မဈေး၌ ဒုတိယမီးသတ်ဦးစီးမှူး ဦးစည်သူအောင်နှင့် ပူးပေါင်း အဖွဲ့တို့က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဆိုင်ရာများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း**
**ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

## မွန်ပြည်နယ်အတွင်း တောမီးနှင့် အခြားမီးများကြောင့် မီးလောင်မှု Hotspot အရေအတွက် များပြားနေခြင်းကို လျှော့ချရေး၊ မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ရေးလုပ်ငန်းအဖွဲ့နှင့် ပြည်နယ်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**မော်လမြိုင် ဇန်နဝါရီ ၂၉**

မွန်ပြည်နယ်အတွင်း တောမီးနှင့် အခြားမီးများကြောင့် မီးလောင်မှု Hotspot အရေအတွက် များပြားနေခြင်းကို လျှော့ချရေး၊ မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ရေး လုပ်ငန်းအဖွဲ့နှင့် ပြည်နယ်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီလ ၂၈ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။ (ဓါတ်ပုံ)

ဦးစွာ မွန်ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဒေါက်တာ အောင်မြတ်ကျော်စိန်က အမှာစကား ပြောကြားပြီး ပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးက ပူးပေါင်းဆောင်ရွက်ပေးရမည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်နယ်ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သူရလှိုင်က လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ ညွှန်ကြားရေးမှူးများက ဌာနအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခင်စန်းမြင့် (ပြန်/ဆက်)**

## ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းအနောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေများ တတိယအကြိမ်ထုတ်ချေး

**ကွမ်းခြံကုန်း ဇန်နဝါရီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တော်ခရမ်းအနောက် ကျေးရွာရှိ ကျေးလက်နေပြည်သူများ နေကြာအပါအဝင် အခြားဆီထွက်သီးနှံ စိုက်ပျိုးသော တောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များ ဝယ်ယူသုံးစွဲနိုင်ရန် အတိုးနှုန်း သက်သာသော ချေးငွေများ ပံ့ပိုးပေးနိုင်ရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ) လည်ပတ်ရန်ပုံငွေများ တတိယအကြိမ် ထုတ်ချေးခြင်း အခမ်းအနားကို တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် အဆိုပါကျေးရွာ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုသီတာလင်းက လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ပြောကြားပြီး မြို့နယ်ဦးစီးမှူးက တော်ခရမ်းအနောက် ကျေးရွာမြစိမ်းရောင် ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များထံသို့ လည်ပတ်ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။ (ဓါတ်ပုံ)

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက တော်ခရမ်းအနောက် ကျေးရွာရှိ နေကြာအပါအဝင် အခြားဆီထွက်သီးနှံ စိုက်ပျိုးမည့် အသင်းသား အသင်းသူ ၂၅ ဦးအား လည်ပတ်ရန်ပုံငွေကျပ် ၁၀၅ သိန်းကို တောင်သူများ တစ်ဦးချင်း လက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**မောင်ခိုင်**

## တွံတေးမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ



**တွံတေး ဇန်နဝါရီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ အ.လ.က (ဘုရားကြီး) မင်္ဂလာပရဟိတကျောင်း၌ မီးခိုးမြူငွေ့ လျှော့ချရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။ (အပေါ်ပုံ)

**လက်ကမ်းစာစောင်များဖြန့်ဝေပေး**

အခမ်းအနားတွင် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးဌာနမှူး ဦးထွန်းအာကာက မီးခိုးမြူငွေ့လျှော့ချရေး၊ ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် ရေသယံဇာတထိန်းသိမ်းရေးဆိုင်ရာများ ဆွေးနွေးပြောကြားပြီး သစ်တောသစ်ပင်များကို ကာကွယ်ထိန်းသိမ်းရန်၊ မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းသိမ်းရန်နှင့် Fire Hotspot များ လျှော့နည်းကျဆင်းအောင် တောမီးရှို့ခြင်းနှင့် တောင်ယာမီးရှို့ခြင်းများ မပြုလုပ်ရန် ဟောပြောဆွေးနွေးကာ ကျောင်းသား ကျောင်းသူများက ပြန်လည်မေးမြန်းဖြေကြား ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်းနှင့် တက်ရောက်လာသူများအား မီးခိုးမြူငွေ့နှင့် ပတ်သက်သည့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**တွံတေးသား**

## ဆိပ်ကြီးခနောင်တိုမြို့နယ်၌ အခြေခံပန်းကြယ်သီးထိုးနှင့် သဇင်ပန်းထိုးနည်း သင်တန်းဖွင့်

**ဆိပ်ကြီးခနောင်တို ဇန်နဝါရီ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ်၌ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်သည့် အခြေခံပန်းကြယ်သီးထိုးနှင့် သဇင်ပန်းထိုးနည်း သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ပြုလုပ်သည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးက သင်တန်းဖွင့်လှစ်သင်ကြားရခြင်းနှင့် ပတ်သက်၍ အမှာစကား ပြောကြားပြီး ပန်းကြယ်သီးထိုးနှင့် သဇင်ပန်းထိုးနည်း သင်ကြားပေးနေမှုကို ကြည့်ရှုအားပေးသည်။ အဆိုပါသင်တန်းကို အမျိုးသမီးများ၏ ဘဝအခြေအနေ တိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း ပညာအဖြစ် ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ရာ သင်တန်းသို့ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းမှ သင်တန်းသူ ၂၀ တက်ရောက်သင်ကြားလျက်ရှိသည်။



ဆက်လက်ပြီး ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဆိပ်ကြီးအရှေ့ရပ်ကွက် ပဏ္ဍိတာရာမ စလင်းကျောင်းတိုက်တွင် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းပြုလုပ်သည့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲသို့ ရောက်ရှိကာ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန မြို့နယ်ကုသရေးဦးစီးမှူး ဒေါက်တာ သီတာတင်ဝင်းက မကူးစက်တတ်သော နာတာရှည်ရောဂါများအကြောင်းနှင့် ကူးစက်တတ်သော နာတာရှည်ရောဂါများအကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့သည် ဦးထွန်းအိုရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်းခွဲတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ကျောင်းသား ကျောင်းသူများအား ပတ်ဝန်းကျင် သန့်ရှင်းရေး၊ ကျန်းမာရေး အသိပညာပေးဟောပြောပွဲသို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဝေယံ(ပြန်/ဆက်)**

**မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)**

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ်ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

ယူအီးအက်ဖ်အေ ယူရိုပါလိဂ်အုပ်စု နောက်ဆုံးပွဲစဉ်တွေကို ဇန်နဝါရီ ၃၁ ရက် နံနက် ၂ နာရီခွဲမှာ တစ်ချိန်တည်း ယှဉ်ပြိုင်ကစားသွားကြတော့မှာ ဖြစ်ပါတယ်။ နောက်တစ်ဆင့်ကို တိုက်ရိုက်တက်လှမ်းနိုင်ရေး အားပြိုင်ကြမယ့်အသင်းတွေ ပါဝင်သလို ရှုံးထွက်အဆင့်ကို တက်လှမ်းနိုင်ရေး အားပြိုင်ကြမယ့်အသင်းတွေ ပါဝင်နေတာကြောင့် လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(ဇ-၄၀၂၁)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဒေါ်နော်ရို့(စ်)စဲ(လ်)ဒါ အမည်ပေါက် နှစ်(၃၀)မြေငှား စာချုပ်မြေကွက်အား (ဘိလစ်) ဦးနေဝင်း (ဘ)ဦးသိန်းလွင် ၉/လဝန(နိုင်)၁၂၈၅၇၇ မှ ဇမ္ဗူသီရိမြို့နယ်တရားရုံးတော်၏ တရားမကြီးအမှုအမှတ် (၃၃/၂၀၂၄) စီရင်ချက်၊ တရားမဇာရီမှုအမှတ်(၁၅/၂၀၂၄)၊ ထုံးပုံကျအပြီးသတ်အမိန့်၊ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်နီလာထွေး (ဘ) ဦးဝင်းရီ၊ ၉/ပမန(နိုင်)၂၆၅၉၂၀ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာ ပါသဖြင့် ကန့်ကွက်လို သူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၂-၁)၊ ဦးပိုင်အမှတ်(၉၉)၊ မြေချိန်ဧရိယာ ၀ ဒသမ ၁၈၄ ဧကရှိ မြေကွက်သည် မူလက ဦးတင်အောင်-ဒေါ်သန်းဟန် (၂)ဦးအမည်ဖြင့် ၂၄-၁-၂၀၅၂ ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးတင်အောင် ပါ(၂)ဦးက ၂၀-၁၁-၂၀၂၄ ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၅၁၉/၂၀၂၄)အရ မူလ မြေဧရိယာ ၀ ဒသမ ၁၈၄ ဧကအနက်မှအနောက်ဘက်အခြမ်းဧရိယာ၀ ဒသမ ၀၇၅ ဧကကို ဦးပိုင်ခွဲစိတ်၍ ဦးကျော်အောင် ၁/မကတ(နိုင်)၀၉၅၉၃၈ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ အဆိုပါမြေကွက်အား ဦးကျော်အောင် အမည်ဖြင့် မြေငှားဂရန်(ဦးပိုင်ခွဲ/အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခု ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**မြစ်ကြီးနားမြို့**

---

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆)၊ မြေကွက်အမှတ်(၂၅)၊ ဧရိယာ ၀ ဒသမ ၀၂၈ ဧက၊ အကျယ်အဝန်း(၂၅ ပေx ၅၀ ပေ) (၁၂၅၀-စတုရန်းပေ)ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်(၂၂) ကျောင်းကုန်း(၁)လမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်ရှိ နှစ်ခန်းတွဲ(၅)ထပ်တိုက်အဆောက်အအုံမှ မြေညီထပ်(ခေါင်းရင်းခန်း) တိုက်ခန်းအား ပိုင်ဆိုင်လက်ဝယ်ထား အကျိုးခံစားလျက်ရှိသူ ဦးကျော်မြင့်(ခ) ဦးမန်လေ့လီန်း ၁၂/လမန(နိုင်)၀၅၅၀၅၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ယင်းပစ္စည်းအပေါ် တစ်စုံတစ်ရာ ပိုင်ရေးဆိုင်ခွင့်အရေးဆို အငြင်းပွားလိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသောအထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်လှိုင်ဖြိုးသီ (LL.B,D.B,D.B.L)**

**တရားလွှတ်တော်ရှေ့နေ**

**စဉ်-၁၆၈၄၉ (၂၁-၁၂-၂၀၂၀)**

**အမှတ်(၅၃/၁၇၆) ဦးဘိုသင်းလမ်းနှင့် ဗိုလ်ကြာညွှန့်လမ်းထောင့်၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း-၀၉-၇၉၁၇၂၆၉၇၃**

---

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ နယ်မြေ(၉)၊ အမှတ်(၁၄၃)နေ (ဘ) ဦးမောင်ဖြူ (မိ)ဒေါ်မြင့်မြင့်ထူး ၁/မကန(နိုင်)၀၃၀၁၈၃ တို့၏သမီး မဖြိုးဖြိုးဝေ ၁/မကန(နိုင်)၁၁၉၀၈၈ သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဒေါ်မြင့်မြင့်ထူး**

---

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန**

## လျှောက်လွှာခေါ်ယူခြင်း

၁။ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန(ရုံးချုပ်)/တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ် ဦးစီးမှူးရုံးများတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး (လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး(၃၃)နေရာအတွက် အောက်ပါ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်ပါသည်-

၂။ လျှောက်ထားသူများသည်

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။ (၁-၂-၂၀၂၅) ရက်တွင် အသက်(၁၈)နှစ်ပြည့်ပြီး (၃၀)နှစ်ထက် မကျော်လွန်သူ၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

(ဃ) ခန့်ထားမည့် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်အလိုက် ဒေသခံများကို ဦးစားပေးခေါ်ယူသွားမည်ဖြစ်ပြီး မိမိအစီအစဉ်ဖြင့် နေထိုင်တာဝန်ထမ်းဆောင်နိုင်ရမည်။

(င) လုပ်ငန်းလိုအပ်ချက်အရ ကျား/မ အချိုးညီစွာ ရွေးချယ်ခန့်ထားသွားမည်ဖြစ်ပြီး ဦးစီးဌာနတွင် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း အခွန်တံဆိပ်ခေါင်း ပါဝင်သည့်စာချုပ်ချုပ်ဆိုနိုင်ရမည်။

(စ) လက်ရှိတာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများလျှောက်ထားလိုပါက ဌာနဆိုင်ရာအကြီးအကဲ၏ ထောက်ခံချက်ဖြင့် မူရင်းလျှောက်လွှာကို သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် (၁၉-၂-၂၀၂၅) ရက် နောက်ဆုံးထား၍ ပေးပို့ရမည်။ မိတ္တူ(၁)စုံစီကို မိမိတို့လျှောက်လွှာထုတ်ယူခဲ့သော ဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ ပြည်နယ်ရုံးများသို့ ပေးပို့ရမည်။ သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ လျှောက်လွှာပုံစံများကို ဦးစီးဌာန (ရုံးချုပ်)၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တိုင်းဦးစီးမှူးရုံးနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံးများတွင် (အခမဲ့)ထုတ်ယူနိုင်ပြီး လျှောက်လွှာနှင့်အတူ အောက်ပါ အထောက်အထားများ ပူးတွဲတင်ပြရမည်၊ ပြည့်စုံစွာတင်ပြထားခြင်း မရှိသည့် လျှောက်လွှာများကို လုံးဝလက်ခံစဉ်းစားမည်မဟုတ်ပါ-

(က) ပြည့်စုံစွာဖြည့်စွက်ထားပြီး တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံကပ်ထားသည့် သတ်မှတ်လျှောက်လွှာ

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ(မူရင်းပြသရမည်)

(ဂ) သက်တမ်းမကုန်သေးသော အလုပ်သမားမှတ်ပုံတင်မိတ္တူ (မူရင်းပြသရမည်)

(ဃ) ဘွဲ့လက်မှတ် (သို့မဟုတ်) ယာယီဘွဲ့ထောက်ခံစာမိတ္တူ (မူရင်းပြသရမည်)

(င) အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ(၆၆/၆)မိတ္တူ

(စ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် တစ်လအတွင်းရယူထားသော အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်း၏ ထောက်ခံချက်မူရင်း

(ဆ) အခြားတက်ရောက်ထားသည့်သင်တန်းများရှိပါက သင်တန်းဆင်းလက်မှတ် မိတ္တူ (မူရင်းပြသရမည်)

၄။ လျှောက်လွှာများကို ဦးစီးဌာန(ရုံးချုပ်)၊ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တိုင်းဦးစီးမှူးရုံးနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူးရုံးများတွင် (၃-၂-၂၀၂၅) ရက်မှ (၁၇-၂-၂၀၂၅) ရက်အထိ ရုံးချိန်အတွင်း ထုတ်ယူနိုင်ပြီး (၁၉-၂-၂၀၂၅) ရက်နေ့ နောက်ဆုံးထား၍ သတ်မှတ်ချက်များ ပြည့်စုံစွာ ပူးတွဲထားသည့် လျှောက်လွှာများကို မိမိတို့ထုတ်ယူခဲ့သော သက်ဆိုင်ရာရုံးများသို့ ပေးပို့ရမည်။ သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၅။ စာမေးပွဲဖြေဆိုခွင့်ရရှိသူ အမည်စာရင်း၊ ခုံအမှတ်၊ ရေးဖြေစာမေးပွဲ ကျင်းပပြုလုပ်မည့် အစီအစဉ်များ၊ ရေးဖြေစာမေးပွဲအောင်မြင်၍ လူတွေ့ဖြေဆိုရမည့် အမည်စာရင်းများကို လျှောက်လွှာရယူခဲ့သည့်ရုံးများတွင် အသိပေးကြေညာထားမည်ဖြစ်ပါသည်။ (၂၅-၂-၂၀၂၅) ရက်တွင် ဖြေဆိုခွင့်ကတ်ပြားကို နိုင်ငံသားစိစစ်ရေးကတ်(မူရင်း)ပြသ၍ လျှောက်လွှာတင်ခဲ့သည့်ရုံးများတွင် ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်ထုတ်ယူရမည်။ မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ ဘာသာရပ်များကို လျှောက်လွှာတင်သွင်းသည့် ရုံးများတွင် (၂၇-၂-၂၀၂၅) ရက်တွင် ရေးဖြေစာမေးပွဲကိုလည်းကောင်း၊ (၂၈-၂-၂၀၂၅) ရက်တွင် လူတွေ့စာမေးပွဲကိုလည်းကောင်း ဖြေဆိုရမည်။

၆။ သိရှိလိုသည်များရှိပါက ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန (ရုံးချုပ်) ဖုန်း-၀၆၇-၃၄၀၄၀၄၆ နှင့် ဦးစီးဌာန Website (www.ddm.gov.mm) တွင် ဖော်ပြထားသည့် နေပြည်တော်တိုင်းဦးစီးမှူးရုံးနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံး ဖုန်းအမှတ်များကို ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန**

---

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကလေးခရိုင်၊ ကလေးမြို့နယ်၊ လွယ်အံကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၈၇/ခနောက်စိမ်းကွင်း)၊ ဦးပိုင်အမှတ် (၈၁)၊ မြေကွက် အမှတ် (၉၂)၊ မြေဧရိယာ ၀ ဒသမ ၉၂၅ ဧကရှိ မြေအား ဒေါ်ခင်အေးမြတ် ၉/မရမ(နိုင်)၀၈၁၀၆၂ အမည်ဖြင့် တောင်ကြီးခရိုင်အမှုတွဲအမှတ်(၄/၂၀၁၆) အရ ၁၂-၁၂-၂၀၁၆ မှ ၁၁-၁၂-၂၀၂၆ ထိ (၁၀)နှစ်သက်တမ်းရှိ မြေငှားဂရန် ရရှိခဲ့ပါသည်။ ယခုအခါ အဆိုပါ ဒေါ်ခင်အေးမြတ် ၉/မရမ(နိုင်)၀၈၁၀၆၂ အမည်ပေါက် မြေငှားဂရန် မြေဧရိယာ ၀ ဒသမ ၉၂၅ ဧကအနက်မှ ၀ ဒသမ ၀၈၃ ဧကအား ဒေါ်ခင်နွဲ့ ၁၄/မမန(နိုင်)၀၃၆၇၃၄၊ ဒေါ်မြတ်စုလှိုင် ၁၄/မမန (နိုင်)၁၄၅၆၉၇ ထံသို့ ကလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၂-၁၀-၂၀၂၄ ရက်တွင် မြေကွက်အရောင်းအဝယ် စာချုပ်မှတ်ပုံတင်အမှတ် (၃၁၈/၂၀၂၄)အရ ခွဲစိတ်ရောင်းချခဲ့ပြီးဖြစ်ကြောင်းနှင့် ဒေါ်ခင်နွဲ့၊ ဒေါ်မြတ်စုလှိုင် (၂)ဦးအမည်ဖြင့် ဝယ်ယူထားရှိပြီးဖြစ်သော မြေဧရိယာ ၀ ဒသမ ၀၈၃ ကေအပါအဝင် ၀ ဒသမ ၇၃၃ ကေအား မြေကွက်(၈)ကွက် ဖော်ထုတ်၍ ခွဲစိတ်ရောင်းချပြီးဖြစ်သဖြင့် မြေငှားဂရန် (ဦးပိုင်ခွဲ/အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အတွင်း ကလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား ဥပဒေ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**ကလေးမြို့**

---

## အမည်မှန်နှင့် ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ စေတနာဦး ကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-10 မှ မလဖာဟောင်းနန်း၏ အမည်မှန်မှာ မဟောင်းနန်းဖြစ်ပြီး ၎င်း၏ ဖခင်အမည်မှန်မှာ ဦးခေါင်ဟော ၁/မကန(နိုင်)၁၁၈၄၀၆ ဖြစ်ပါသည်။

---

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ဝိုင်းမော်မြို့၊ နောင်ဟီးကျေးရွာအုပ်စု(နာပျော်)၊ အမှတ်(၁၁)နေ ဦးတိန့်ကျန်း ၁/ဝမန(နိုင်)၀၂၈၃၂၈ နှင့် ဒေါ်ဆောင်လွေ တို့၏သမီး မကေရီမျိုး၏ အမည်မှန်မှာ မကျန်းညွယ်ဖြစ်ပြီး ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၃-၁၁-၂၀၀၁ ဖြစ်ပါသည်။

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

မကွေးမြို့မရဲစခန်း၊ မကွေးမြို့တွင်(အထွေထွေ) တာဝန်ထမ်းဆောင်နေသော ရဲတပ်သား သန္တာလွင် ၈/မလန(နိုင်)၁၀၉၁၄၇ ၏ မိခင် ဒေါ်အေးသိန်း (ခ) ဒေါ်အေးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

---

### ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ် ခရိုင်၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့၊ အမှတ်(၃)ရပ်ကွက်၊ အခြေခံပညာ အထက်တန်းကျောင်း စံထူး၊ စံပြ အဏ္ဏဝါ (Grade-10)မှ မောင်ဖြိုးသူရနှင့် ပုသိမ်တက္ကသိုလ်၊ တတိယနှစ် (စီးပွားရေး)မှ မောင်ဇေယျဖြိုး တို့၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးသန့်ဇော် ၁၄/ဟကက(နိုင်)၀၂၂၅၁၅ ဖြစ်ပါသည်။ **ဦးသန့်ဇော်၁၄/ဟကက(နိုင်)၀၂၂၅၁၅**

---

### ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့၊ အမှတ်(၃)ရပ်ကွက်၊ အခြေခံပညာ အထက်တန်းကျောင်း စံထူး၊ စံပြ၊ အဏ္ဏဝါ(Grade-3)မှ မယုဝတီဇော် ၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးဟိန်းဇော် ၁၄/ဟကက(နိုင်)၀၂၂၀၉၀ ဖြစ်ပါသည်။ **ဦးဟိန်းဇော် ၁၄/ဟကက(နိုင်)၀၂၂၀၉၀**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/28391 TVS NEO XR 110 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းအောင် ၁၄/မမက(နိုင်)၂၃၂၁၈၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**

**မအူပင်**

---

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/58391 New Xeros Wave S 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်ခိုင်လင်း ၁၄/နေဖ(နိုင်)၁၂၂၄၀၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**

**မအူပင်**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁၅/၃-၂၊ အုတ်ကျင်းအနောက်)၊ ဦးပိုင်အမှတ်(၁၆၀)၊ မြေဧရိယာ ၀ ဒသမ ၃၈၅ ဧကရှိ မြေကွက်သည် မူလက ဦးငင်းရွက် အမည်ဖြင့် ၃-၁၂-၂၀၁၃ ရက်အထိ (၁၅)နှစ် မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးငင်းရွက်နှင့် ဇနီးဒေါ်ငင်းရွက်(၂)ဦးသည်ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ၎င်းတို့၏ သား/သမီးများဖြစ်သည့် ဒေါ်ခမ်းလှိုင်၊ ဦးရီအောင်၊ ဦးဆိုင်ထွန်း၊ ဒေါ်ယုံ(ခ)နန်းခမ်းယုံ၊ ဦးအောင်လင်း၊ ဦးစိုင်းထွန်းနော်(ခ)ထွန်းနော် (၆)ဦးတို့က တရားဝင်စာချုပ်စာတမ်း မှတ်ပုံတင်ဖြင့် အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး အမွေဆိုင် (၆)ဦးအနက်မှ(၅)ဦးတို့က ၁၅-၂-၂၀၂၄ ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၀၇၀/၂၀၂၄) အရ မူလမြေဧရိယာ ၀ ဒသမ ၂၀၇ ဧကအနက်မှ မြောက်ဘက်အခြမ်းဧရိယာ ၀ ဒသမ ၁၁၈ ဧကကို ဦးပိုင်ခွဲစိတ်၍ ဒေါ်ခမ်းလှိုင် ၁/မကန(နိုင်)၀၇၁၃၃၇ ထံသို့ အပြီးအပိုင်စွန့်လွှတ်ပေးခဲ့ပါသည်။ ယခုအခါ အဆိုပါမြေကွက်အား ဒေါ်ခမ်းလှိုင် အမည်ဖြင့် မြေငှားဂရန်(ဦးပိုင်ခွဲ/အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်မဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဗိုလ်ကုန်း(၁၈)ရပ်ကွက်၊ မြို့တော်ဦး(၁)လမ်း၊ အမှတ်-၄၂၄ ဟုခေါ်တွင်သော(၂၉ပေx၉၀ပေ)အကျယ်အဝန်းရှိမြေကွက်နှင့် အဆိုပါမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့်နှစ်ထပ်တိုက်ခံအိမ်(၁)လုံး၊ လျှပ်စစ်မီတာ(၁)လုံး၊ ရေ၊ ရေစုပ်စက်(၁)လုံးအပါအဝင် အကျိုးခံစားပိုင်ခွင့်အရပ်ရပ်အားလုံးအား ဒေါ်ရွှေသီး ၇/ပခန(ပြု)၀၀၀၈၂၉ မှ ၂၉-၄-၁၉၉၅ ရက်စွဲပါ ခြံနှင့်မြေအရောင်းအဝယ်စာချုပ်ဖြင့် ရောင်းချခဲ့သူများဖြစ်သော ဦးလေးမြင့်နှင့် မငွေးတို့ထံက ဝယ်ယူခဲ့သူ ဦးတိုးမြင့်ထံမှ ၁၂-၄-၁၉၉၆ ရက်စွဲပါ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင် နေအိမ်ဆောက်လုပ်လက်ရှိနေထိုင်ပြီး မိမိတစ်ဦးတည်း ပိုင်ဆိုင် အကျိုးခံစားပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ရွှေသီးထံမှ ကျွန်ုပ်မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ၂၇-၁-၂၀၂၅ ရက်စွဲပါ နှစ်ဦးသဘောတူအိမ်နှင့်မြေအပြီးအပိုင် အရောင်းအဝယ်စရန်ငွေပေးကတိစာချုပ်ဖြင့် ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါရှိသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေများထံသို့ဖြစ်စေ လာရောက်ဆက်သွယ် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ချိန်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **ဦးဇော်မြင့်ဦး(LL.B)** |
| **(၁)ဦးဇော်အောင်(ခင်ပွန်း)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၂၁၂/၂၀၁၈)** |
| **၁၂/သလန(ပြု)၀၀၅၀၉၉** | **အမှတ်-၃၁၊ သဇင်(၃)လမ်း၊ ဒရိဂါ ရပ်ကွက်၊** |
| **(၂)ဒေါ်သီတာဝင်း(ဇနီး)** | **သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊** |
| **၇/ပခန(ပြု)၀၀၃၀၃၅** | **ဖုန်း-၀၉-၄၂၀၂၆၈၀၈၄** |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကုလားဝဲကျေးရွာ၊ တိုးချဲ့ ရပ်ကွက်၊ အကျယ်(၁၅ ပေ x ပေ ၅၀)ရှိ မြေကွက်သည် ဦးရွှေ၏ အမည်ဖြင့် ရွာမြေ အမည်ပေါက်လျက်ရှိပြီး အဆိုပါခြံမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်သင်းသင်းစိုး ၁၄/မမက(နိုင်)၁၆၇၅၉၅၊ တိုက်(၂၇)၊ အခန်း(၂၀၂)၊ ၃လမ်း(ဘီ)၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေသူမှ ဆက်စပ်စာချုပ်/မူရင်းနှင့်တကွ လက်ရှိပိုင်ဆိုင်ပြီး စီမံခန့်ခွဲခွင့်၊ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း၊ ဝန်ခံကတိပြု၍ လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်ချို့ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသည့်ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ခုနစ်ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထားနွယ်ခင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၂၁)**
**LL.B, D.I.R,D.I.L, D.M.L,DL-101(WIPO)**
**ဒေါ်ခိုင်ဇင်ဝင်း(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၀၈၈)**
**အမှတ်(၅၈၁)၊ ရွှေပြည်သာ(၂)လမ်း၊ (၃၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၅၁၉၇၉၃၂**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁၄၊ တပ်ကုန်း မြောက်)၊ ဦးပိုင်အမှတ်(၄၈၄/၁ခ)၊ မြေဧရိယာ ၀ ဒသမ ၀၈ ဧကရှိမြေကွက်သည် ဒေါ်ရွယ်ဘူ ၁/ဝမန(နိုင်)၀၃၃၆၆၂ အမည်ဖြင့် မြို့မြေခွန်ပြေစာစည်းကြပ်လျက်ရှိပါသည်။ ယခုအခါ ဒေါ်ရွယ်ဘူ အမည်ဖြင့် မြေငှားဂရန်(အသစ်)လျှောက်ထားလာမှုအပေါ်ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်တင်ပြသူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁၅/၃-၂၊ အုတ်ကျင်းအနောက်)၊ ဦးပိုင်အမှတ်(၁၆၁)၊ မြေဧရိယာ ၀ ဒသမ ၂၀၇ ဧကရှိ မြေကွက်သည် မူလက ဦးငင်းရွက် အမည်ဖြင့် ၃-၁၂-၂၀၁၃ ရက်အထိ(၁၅)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးငင်းရွက်နှင့် ဇနီးဒေါ်ငင်းရွက်(၂)ဦးသည် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ၎င်းတို့၏ သား/သမီးများဖြစ်သည့် ဒေါ်ခမ်းလှိုင်၊ ဦးရီအောင်၊ ဦးဆိုင်ထွန်း၊ ဒေါ်ယုံ(ခ)နန်းခမ်းယုံ၊ ဦးအောင်လင်း၊ ဦးစိုင်းထွန်းနော်(ခ)ထွန်းနော် (၆)ဦးတို့က တရားဝင်စာချုပ်စာတမ်းမှတ်ပုံတင်ဖြင့် အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး အမွေဆိုင်(၆)ဦးအနက်မှ(၅)ဦးတို့က ၁၆-၂-၂၀၂၄ ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၀၈၀/၂၀၂၄)အရ မူလမြေဧရိယာ ၀ ဒသမ ၂၀၇ ဧကအနက်မှ မြောက်ဘက်အခြမ်းဧရိယာ ၀ ဒသမ ၁၀၉ ဧကကို ဦးပိုင်ခွဲစိတ်၍ ဦးရီအောင် ၁/မကန(နိုင်)၀၇၁၂၉၁ ထံသို့ အပြီးအပိုင်စွန့်လွှတ်ပေးခဲ့ပါသည်။ ယခုအခါ အဆိုပါမြေကွက်အား ဦးရီအောင် အမည်ဖြင့် မြေငှားဂရန်(ဦးပိုင်ခွဲ/အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်မဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကလေးခရိုင်၊ ကလေးမြို့နယ်၊ လွယ်အံကျေးရွာအုပ်စု၊ အင်းပြင်ကျေးရွာ၊ ခနောက်စိမ်းကွင်း၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၈၇)၊ ဦးပိုင်အမှတ် (၈၂)၊ မြေကွက်အမှတ် (၉၃)၊ မြေဧရိယာ ၀ ဒသမ ၉၃၄ ဧကရှိ မြေအား ဒေါ်သက်စု ၉/မနမ(နိုင်)၀၂၃၉၉၃ အမည်ဖြင့် တောင်ကြီးခရိုင်အမှုတွဲအမှတ် (၁၄/၂၀၁၆) အရ ၁၂-၁၂-၂၀၁၆ မှ ၁၁-၁၂-၂၀၂၆ ထိ နှစ်(၁၀)သက်တမ်းရှိ မြေငှားဂရန်ရရှိခဲ့ပါသည်။ ယခုအခါ အဆိုပါ ဒေါ်သက်စု ၉/မနမ(နိုင်)၀၂၃၉၉၃ အမည်ပေါက်မြေငှားဂရန် မြေဧရိယာ ၀ ဒသမ ၉၃၄ ဧက အနက်မှ ၀ ဒသမ ၀၇၅ ဧကရှိ မြေကွက်(၃)ကွက်၊ ၀ ဒသမ ၀၇၆ ဧကရှိ မြေကွက်(၁)ကွက်၊ ၀ ဒသမ ၁၄၆ ဧကရှိ မြေကွက် (၁)ကွက်၊ ၀ ဒသမ ၁၁၁ ဧကရှိ မြေကွက်(၁)ကွက်၊ စုစုပေါင်း မြေကွက် (၆)ကွက်၊ စုစုပေါင်းမြေဧရိယာ ၀ ဒသမ ၅၅၈ ဧကအား ဦးပိုင်ခွဲစိတ်ရောင်းချလိုပါသဖြင့် မြေငှားဂရန်(ဦးပိုင်ခွဲ/အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အတွင်း ကလေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား ဥပဒေလုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကလေးမြို့**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေ မြို့နယ်၊ ဗျိုင်းရေအိုးစင်(ရွာမ)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၁၉)ဟုခေါ် တွင်သော (၂)ခန်းတွဲ (၈)ထပ်တိုက်၏ ၅-လွှာ (တိုက်ရှေ့မျက်နှာမူလျှင်-ယာဘက်)၊ အကျယ်အဝန်း (၁၅ ပေ x ၅၀ ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးအောင်ထွန်း ၁၂/မဂဒ(နိုင်)၀၉၅၈၀၁ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဝင်းပပနိုင် ၁၂/ပဘတ(နိုင်)၀၂၉၁၆၃ က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ပြုလုပ်သည့်တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ် ချုပ်ဆိုကာ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘူမောင်(LL.B) (စဉ်-၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ အင်ကြင်းလမ်း၊ တိုက်အမှတ်(၂၆)ဟု ခေါ်တွင်သော အဆောက်အအုံ၏ စတုတ္ထထပ် (ခြေရင်းခြမ်း)၊ (၅-လွှာ/ဘီ)၊ အကျယ်အဝန်း (၁၇ ပေx ၅၀ ပေ) ရှိသော လူနေတိုက်ခန်း၊ ယင်းတိုက်ခန်းနှင့် ဆက်စပ်လျက် ရှိသော ရေမော်တာ၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်မြကြည်ဖြူ(ဘ)ဦးဝင်းကြည်မြင့် ၁၂/မရက(နိုင်) ၁၃၇၄၆၇ ထံသို့ ဦးမိုးကိုကို ၁၂/သဃက(နိုင်)၁၈၇၂၄ နှင့် ဒေါ်ထက်ထက်အေးငြိမ်း ၁၂/သဃက(နိုင်)၁၈၂၂၀၅ တို့က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းဝယ်ယူခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်အတူ ကျွန်ုပ်ထံသို့ သတင်းစာတွင်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်အတည်ပြု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ထက်ထက်အေးငြိမ်း (စဉ်-၁၈၉၄၂)**
**အမှတ်(၃၂၆)၊ တတိယထပ်၊ စံပြ(၂)လမ်း၊ စံပြရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း -၀၉-၇၈၉၅၇၅၂၉၁၊ ၀၉-၅၀၆၅၃၀၁**

# ဝမ်းနည်းကြေကွဲခြင်း
# ဒေါ်ခင်ဌေး
# အသက်(၆၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ သံသုမာလမ်း၊ သုဝဏ္ဏအဆင့်မြင့်အိမ်ရာ၊ တိုက်အမှတ်(၁)၊ အခန်း(၁၀၂)နေ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဒါရိုက်တာ အဖွဲ့ဝင် ဒေါက်တာလှညွှန့်၏ ချစ်လှစွာသော ဇနီး ဒေါ်ခင်ဌေး သည် ၂၉-၁-၂၀၂၅ ရက် (ဗုဒ္ဓဟူးနေ့) နံနက် (၀၇:၁၅) နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊**
**ဒါရိုက်တာအဖွဲ့ဝင်များနှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မြစ်ကြီးနားမြို့နယ်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၃

| | | |
|---|---|---|
| ရွှေရည်မို့မို့ | နှင့် | ဦးတင်ဇော်အောင် |
| **(တရားလို)** | | **(တရားပြိုင်)** |

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့၊ ကံဦးရွာနေ တရားပြိုင်ဖြစ်သော ဦးတင်ဇော်အောင် (ယခုနေရပ်လိပ်စာမသိရသူ)တို့ သိစေရမည်။

သင့်တို့အပေါ်၌ တရားလိုက ရက်စက်မှုကြောင့် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်တို့၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေနှင့်ဖြစ်စေ သို့မဟုတ် ၎င်းအမှုနှင့် စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် (၁၃၈၆ ခုနှစ်၊ ပြာသိုလ ၁၄ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီအတွင်း အထက်အမည်ရေးသားပါရှိသူ တရားလိုများ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့ မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မီမီစိုး)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**မြစ်ကြီးနားမြို့နယ်တရားရုံး**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ကွင်းအမှတ်(၉/၆ခ)၊ ဦးပိုင်အမှတ်(၄/၂-က)၊ မြေဧရိယာ ၀ ဒသမ ၂၆၀ ဧကရှိ မြေကွက်သည် မူလက ဦးလှရွှေအမည်ဖြင့် ၈-၂-၂၀၄၈ ရက်အထိ (၃၀)နှစ် မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးလှရွှေနှင့် ဇနီးဒေါ်စိန်ရွှေ (၂)ဦးသည် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ၎င်းတို့၏ သားသမီးများဖြစ်သည့် ဒေါ်ခင်ဝေလွင်၊ ဒေါ်အိအိဖြိုး၊ ဒေါ်ရတနာထွန်း (၃)ဦးတို့က တရားဝင်စာချုပ်စာတမ်းမှတ်ပုံတင်ဖြင့်အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး ၆-၁-၂၀၂၅ ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၀၀၁/၂၀၂၅)အရ ဦးယော်တိန့် ၁/မကန (နိုင်)၁၀၄၂၅၂၊ ဒေါ်နူးနူးဂျာအောင် ၁/မကန(နိုင်)၁၆၀၂၆၇ (၂)ဦးထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးယော်တိန့် ပါ(၂)ဦးအမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်မဆို ယခု ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ပတ်စ်ပို့ပျောက်

ကျွန်မ မဆိုင်းဆန့် ၁/မကန(နိုင်)၁၅၄၆၃၄ ၏ ပတ်စ်ပို့နံပါတ် (MF-220758) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၀၀၀၆၆၁၅**

## ပတ်စ်ပို့လျှောက်

ကျွန်တော် ဦးယိန်းခေါ ၁/မကန(နိုင်)၁၅၈၃၅၅ ၏ ပတ်စ်ပို့နံပါတ် (MA-750032) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၁၇၉၉၉၉၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် DD/9874 Toyota Succeed NCP51, S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးခင်စိုး ၁၂/လကန(နိုင်)၀၄၂၁၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4F/5285 ISUZU H4F23, L/T(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးစိုးလင်းအောင် ၉/တသန(နိုင်)၁၄၀၆၄၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ရန်ကုန်တိုင်းဒေသကြီး၊သာကေတမြို့နယ်၊(၃)ရပ်ကွက်၊မြဝတီလမ်း၊အမှတ်(၁၂၄)ဟုခေါ်တွင်သောမြေတိုင်းရပ်ကွက်အမှတ်(၃)၊ လူနေရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၁၂၄) ဧရိယာ(၁၂၀၀)စတုရန်းပေ၊ အကျယ်အဝန်း ပေ(၂၀ x ၆၀)ရှိ ဒေါ်တင်တင်မြ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်ဖြင့် တည်ရှိသောမြေကွက်နှင့်ယင်းမြေပေါ်ရှိ မြေပေါ်မြေအောက် ဆက်နွှယ်တွယ်ကပ်လျက်ရှိသည့် မြေကွက်အရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ မြေကွက်ကို အရောင်းအဝယ်ကတိစာချုပ်များအရ တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်တင်မြ ၁၂/မရက(နိုင်)၀၅၆၆၉၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ငြိမ်းလတ် ၁၂/ကတတ(နိုင်)၀၂၆၉၇၇ သည် နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ် စရန်ငွေပေးချေခြင်း သဘောတူကတိစာချုပ်အရ ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အဆိုပါမြေကွက် အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ငြိမ်းလတ် ၁၂/ကတတ(နိုင်)၀၂၆၉၇၇၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးရဲအောင်နိုင်ထူး LL.B (စဉ်-၁၈၈၀၃)** | **ဒေါ်ဖြိုးပိုပို LL.B(စဉ်-၅၄၁၆၈)** |
| **WIPO (Switzerland)** | **WIPO (Switzerland)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**ဖုန်း-၀၉-၇၉၁၆၈၆၃၃၄၊ ၀၉-၄၅၀၀၄၅၁၈၇**

## ဒေါက်တာခင်အေး
## [မောင်ခင်မင် (ဓနုဖြူ)]

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ-ဌာနမှူး(ငြိမ်း)၊
မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန မြန်မာစာအဖွဲ့ အချိန်ပြည့်အဖွဲ့ဝင်၊
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ပိဋကတ်ဆိုင်ရာ မြန်မာစာပေဌာန
တွဲဖက်ပါမောက္ခ(ပြင်ပပညာရှင်)၊ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ အဖွဲ့ဝင်၊
ပါဠိဂူသင်တန်းဦးစီးကော်မတီအဖွဲ့ဝင် (မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)၊
အမျိုးသားစာပေတစ်သက်တာဆုရှင်၊ ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆုရှင်၊
သုတစွယ်စုံ တစ်သက်တာစာပေဆုရှင်၊ ဆရာဝန်တင်ရွှေ တစ်သက်တာစာပေဆုရှင်၊
ငွေတာရီရွှေတံဆိပ်ဆုရှင်၊ လှသမိန် ရွှေတံဆိပ်ဆုရှင်၊ ဂုဏ်ထူးဆောင်စာပေပါရဂူ (ဒီလစ်)
အသက်(၈၅)နှစ်

ဓနုဖြူမြို့နယ်၊ ကျုံတနီးရွာနေ(ဦးရာမ-ဒေါ်စောတင်) တို့၏သား၊ ကမာရွတ်မြို့နယ်၊ စန္ဒာမြိုင်ကွန်ဒို၊(4B-1)နေ ဒေါက်တာစုစုနွယ် (တွဲဖက်ပါမောက္ခ-ငြိမ်း၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်) ၏ခင်ပွန်း၊ ဒေါက်တာသူသူနွယ်အေး(Associate Coordinator, OJEIC/Part-time Lecturer, Osaka University)၏ဖခင်ကြီး ဒေါက်တာခင်အေး[မောင်ခင်မင်-ဓနုဖြူ] အသက်(၈၅) နှစ်သည် ၂၈-၁-၂၀၂၅ရက် (အင်္ဂါနေ့) နံနက် (၀၀:၃၀)နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀- ၁-၂၀၂၅ရက်(ကြာသပတေးနေ့) ညနေ (၃)နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်ဆွေသင်္ဂဟ တပည့်များကို အကြောင်းကြားအပ်ပါသည်။

(နေအိမ်နှင့် ရန်ကုန်တက္ကသိုလ် စာတိုက်ဝင်းထိပ်မှ ကားများ မွန်းလွဲ (၁:၃၀)နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### အလင်္ကာကျော်စွာ ဒေါက်တာ ဦးခင်အေး (မောင်ခင်မင်-ဓနုဖြူ)
### ပါမောက္ခ(ဌာနမှူး)(ငြိမ်း)၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်
### အသက် (၈၅)နှစ်

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့၏ ဂုဏ်ထူးဆောင်နာယက ဆရာကြီး ဒေါက်တာခင်အေး (မောင်ခင်မင်- ဓနုဖြူ) သည် (၂၈-၁-၂၀၂၅) နံနက် (၀၀:၃၀) နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးပင်ဝမ်းနည်း ကြေကွဲရပါသည်။ ဆရာကြီး ကောင်းရာဘုံဘဝသို့ ရောက်ရှိပါစေ။

**မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း
### အလင်္ကာကျော်စွာ ဒေါက်တာ ဦးခင်အေး(မောင်ခင်မင်-ဓနုဖြူ)

ပါမောက္ခ(ဌာနမှူး)(ငြိမ်း) မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်
ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ပထမဆင့်)၊ ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ဆု(၂၀၂၄)၊
အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူပထမဆု၊
ဘဝတစ်သက်တာစာပေဆု(ထွန်းဖောင်ဒေးရှင်းဆု)၊ သုတစွယ်စုံတစ်သက်တာစာပေဆု၊
ဆရာဝန်တင်ရွှေ တစ်သက်တာစာပေဆု
အသက် (၈၅)နှစ်

ရန်ကုန်ပညာရေးတက္ကသိုလ်၊ မြတ်ဆရာပူဇော်ပွဲ၏ အပူဇော်ခံဆရာကြီး ဒေါက်တာဦးခင်အေး (မောင်ခင်မင်- ဓနုဖြူ) သည် ၂၈-၁-၂၀၂၅ရက် (အင်္ဂါနေ့) နံနက် ၀၀:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသည်။ ယခုကဲ့သို့ ဆရာကြီး ကွယ်လွန်ခြင်းအတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်း ကြေကွဲရပါသည်။

**ရန်ကုန်ပညာရေးတက္ကသိုလ်**

## ဝမ်းနည်းကြေကွဲခြင်း
### အလင်္ကာကျော်စွာ ဒေါက်တာ ခင်အေး
### (မောင်ခင်မင်-ဓနုဖြူ)
### အသက်(၈၅)နှစ်

မြန်မာနိုင်ငံစာရေးဆရာအသင်း သက်ကြီးကန်တော့ခံ စာပေပညာရှင် ဆရာကြီးဒေါက်တာခင်အေး(မောင်ခင်မင်-ဓနုဖြူ)သည် ၂၈-၁-၂၀၂၅ရက် (အင်္ဂါနေ့) နံနက် (၀၀:၃၀) နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## အမည်မှန်

ပုသိမ်မြို့၊ စိန့်ဂျွန်ကိုယ်ပိုင်အထက်တန်းကျောင်း Grade- 8 ၌ ပညာသင်ကြားနေသော (ဘ)ဦးညီညီမိုး-(မိ)နော်သောသီးထူးတို့၏သား အမည်မှန်မှာ စောကောင်းထက်ဟန် ဖြစ်ပါကြောင်း။

**စောကောင်းထက်ဟန်**

## ပတ်စ်ပို့ပျောက်

ဦးအေးကြူ၏သား ကျွန်တော် ရဲဖြိုးအေး (၁၂/မဂတ(နိုင်) ၀၈၁၀၁၉) ၏ နိုင်ငံကူးလက်မှတ်အမှတ် MG-116206 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၀၈၅၇၁၅၆

## အများသိစေရန်ကြေညာခြင်း

ဤဖုန်းနံပါတ်-၀၉-၄၂၀၄၀၈၈၅၁ကိုင်ဆောင်သူ ကျွန်တော် ကိုဇော်ထက် ၇/လပတ(နိုင်)၁၃၄၂၃၈သည် ၂၆-၁-၂၀၂၅ရက် ည ၁၀နာရီ အချိန်၊ ဗဟိုရ်လမ်း၊ ခိုင်ရွှေဝါမှတ်တိုင်အနီးတွင် ဖုန်းအလုခံရပါသဖြင့် ဤဖုန်းနံပါတ်ဖြင့်လည်းကောင်း၊ အခြားဖုန်းနံပါတ်များဖြင့်လည်းကောင်း ကိုဇော်ထက် အမည်ဖြင့် ငွေကြေးလိမ်လည်မှုများရှိနေပါသောကြောင့် ငွေကြေးမသမာမှုများသည် ကျွန်တော် ကိုဇော်ထက်နှင့် လုံးဝ ပတ်သက်ဆက်နွယ်မှုမရှိပါကြောင်း အသိပေးအပ်ပါသည်။

**ကိုဇော်ထက်**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၆၁)၊ ကွင်းလမ်းအကွက်၊ ဦးပိုင်အမှတ် (၆၉)၊ ဧရိယာ(၀.၀၅၈) ဧကရှိ မြို့မြေ(B)သည် ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ ကမ်းနားလမ်း၊ အိမ်အမှတ် (၁၀၅)နေ ဦးဝင်းဝင်းအောင်(ခ) ဦးအောင်ကျော်ဌေးမှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ရက်ပေါင်း(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောက်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန ၊ ပုသိမ်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂/၁၀၅၄/ခ)၊ လူနေရပ်ကွက်အမှတ်(၇)၊ ဗညားဒလလမ်း၊ မြေကွက်အမှတ် (၁၀၅၄)ဟုခေါ်တွင်သော အကျယ်အဝန်း(၂၀ပေ x ၆၀ပေ)ရှိ ဒေါ်ခင်စန်းရီ အမည်ပေါက် ပါမစ်မြေကွက်နှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ရင်ရင်ငြိမ်း ၁၂/ဆကန(နိုင်)၀၀၀၂၆၁ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ခင်မာရီ ၁၂/ကမရ(နိုင်) ၀၀၄၈၇၇ က (၂၃-၁-၂၀၂၅)ရက်တွင် ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ ပါမစ်မြေ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နွယ်ထွန်း LL.B,D.B.L,D.I.L,D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၆၇၄)**
**အမှတ်(၄၈)၊ လမ်း-၁၂၀၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၄၀၅၆၈၈**

## ဒေါ်ရင်မေ နှင့်သက်ဆိုင်သူများသိရှိနိုင်ရန်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-မြို့သစ်/ခ၊ မြေကွက်အမှတ်-၂၉၆/က၊ အကျယ် ၀.၀၂၇၅ ဧကရှိ အိမ်ခြံမြေကို နှစ်(၆၀)ဂရန် အမည်ပေါက် ဒေါ်ရင်မေ (၉/ပမန(နိုင်)၀၈၃၁၂၃) ထံမှ ဒေါ်တင်တင်အုန်း(၁၂/အစန(နိုင်)၀၁၈၉၁၇) က ဝယ်ယူလက်ရောက် ပိုင်ဆိုင်သည်မှာ ယနေ့ထက်တိုင်ဖြစ်ပါသည်။

အဆိုပါ အိမ်ခြံမြေနှင့်ပတ်သက်၍ ဒေါ်ရင်မေမှ မှတ်ပုံတင်အရောင်းစာချုပ်ပြုလုပ်ချုပ်ဆိုပေးပါရန် ဤကြေညာချက်ပါရှိသည့်ရက်မှ(၇)ရက်အတွင်း လာရောက်ဆက်သွယ်ဆောင်ရွက်ပေးပါရန်နှင့် (၇)ရက်ပြည့်မြောက်သည့်ရက်အထိတိုင် ဆက်သွယ်ဆောင်ရွက်ပေးခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိ ပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဇင်ဝင်း (LL.B, D.B.L) (တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၁၃၀၈၈)**
**အမှတ်-၁၂၀၈၊ မဏိစန္ဒာလမ်း၊ ၆၉- ရပ်ကွက် ၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊**
**ဖုန်း-၀၉- ၄၂၁၁၁၄၈၈၃၊ ၀၉-၉၆၃၁၂၂၅၆၅**

## သားသမီးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း
## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၈)၊ (ဖ/၁၈) ရပ်ကွက်၊ ဒေါ်ဖွားရှင် လမ်းသွယ်လမ်း၊ အမှတ် (၃၆၄/က)နေ ဦးခင်မောင်မြင့် (၁၄/ညတန(နိုင်)၀၇၈၀၆၈)နှင့် (ဒေါ်မြင့်မြင့်ဦး)တို့၏ သားသမီးများဖြစ်သည့် မနွယ်နွယ်ဦး (၃/ဘအန (နိုင်) ၁၃၄၃၉၈)၊ မောင်စိုးလင်းနိုင် (၁၄/ညတန(နိုင်)၁၁၉၅၄၇)နှင့် မလဲ့ဝတ်ရည် (၁၄/ညတန(နိုင်)၁၄၆၄၁၇)တို့သည် ဖခင်ဖြစ်သူ ဦးခင်မောင်မြင့်၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများအား ရိုင်းစိုင်းစွာ ပြောဆိုဆက်ဆံခြင်း၊ ဂုဏ်သိက္ခာကျဆင်းပြီး အရှက်ရအောင် ပြုမူဆောင်ရွက်ခြင်းများပြုလုပ်ခဲ့ကြပါသည်။ ဖခင်ဖြစ်သူ ဦးခင်မောင်မြင့် ကျန်းမာရေးမကောင်းမွန်သည့်အချိန်တွင်လည်း ပြုစုစောင့်ရှောက်ခြင်းမျိုး ပြုလုပ်ခြင်းမပြုသည့်အပြင် ဖခင်အား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်စေရန် ရည်ရွယ်သည့်စကားများ ပြောဆိုဆောင်ရွက်ခြင်းများအား အမြဲတစေ ပြုလုပ်သဖြင့် ဖခင်ဖြစ်သူ ဦးခင်မောင်မြင့်မှာ များစွာကိုယ်စိတ်နှလုံးဆင်းရဲပင်ပန်းဖြစ်ခဲ့ရပါသည်။ ထို့ကြောင့် မနွယ်နွယ်ဦး၊ မောင်စိုးလင်းနိုင်နှင့် မလဲ့ဝတ်ရည်တို့အား ဤကြော်ငြာပါသည့်ရက်မှစပြီး သားသမီးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်သည့်အပြင် ၎င်းတို့၏ လူမှုရေးအရှုပ်အရှင်း၊ ငွေရေးကြေးရေး အရှုပ်အရှင်းပြဿနာ ကိစ္စအရပ်ရပ်တို့သည် ကျွန်ုပ်၏မိတ်ဆွေ ဦးခင်မောင်မြင့်နှင့် လုံးဝသက်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါရန်။)**

**ဦးခင်မောင်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L) တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၃၄၃၃)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ကန့်ကွက်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း(၆၃)၊ (ဒ/၁၇) ရပ်ကွက်၊ အပိုင်း(၅)၊ ရတနာလမ်း၊ အမှတ်(၁၉၉၉/က)ဟု ခေါ်တွင်သော အလျား x အနံ (၂၀ပေ x ၆၀ပေ) ရှိ ဦးတင်ဝင်း အမည်ပေါက် ပါမစ်မြေ အမျိုးအစား မြေကွက်သည် ကျွန်မ၏ ဖခင် ဦးတင်ဝင်းတရားဝင် ပိုင်ဆိုင်သော အိမ်ခြံမြေဖြစ်သည့်အတွက် သမီးဖြစ်သူ ကျွန်မ ဒေါ်စုစုလှိုင် ၁၂/ခရန(နိုင်) ၁၂၆၆၄၀မှ ဖခင်၏ အမွေကိုဆက်ခံခွင့်ရှိသူဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါမြေကွက်သည် အမွေဆိုင်မြေကွက်ဖြစ်ပါကြောင်းနှင့် ကျွန်မ ဒေါ်စုစုလှိုင် သိရှိခြင်းမရှိပါဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ မည်သည့်ဆောင်ရွက်မှုကို မဆိုကန့်ကွက်ပါကြောင်းနှင့် ရောင်းချခြင်း၊ ပေါင်နှံခြင်းများ မပြုလုပ်ပါရန် ပြုလုပ်ပါက သက်ဆိုင်ရာတည်ဆဲဥပဒေနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စုစုလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိုးစိုးနွယ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၇၅၃)**
**ဖုန်း-၀၉-၄၂၀၂၉၉၀၀၀**

## ဘုရား၊ ရဟန်း ဒါယိကာမကြီး
## ဒေါ်လှလှတင်(ခ)အန်တီတွတ် (သရက်)
### အသက် (၉၀)နှစ်

သရက်မြို့နေ (ဦးစံအီ-ဒေါ်အေး)တို့၏သမီး၊ မန္တလေးမြို့နေ (ဦးတင်-ဒေါ်သန်း)တို့၏ ချွေးမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ဗောဓိရိပ်သာလမ်း၊ အိမ်အမှတ် (၃၆)နေ (ဦးကျော်ကျော်-အငြိမ်းစားရဲမှူးကြီး) ၏ ချစ်လှစွာသောဇနီး၊ ဦးစိန်သိုက်၊ ဒေါ်စုစုရှိန်၊ (ဦးစိန်မော်) ဒေါ်ချိုချိုသန်းတို့၏အစ်မကြီး၊ ဦးဉာဏ်ထွန်း-ဒေါ်ညွှန့်ညွှန့်ရီ၊ ဦးသန့်ဇင်ဦး-(ဒေါက်တာ ညွှန့်ညွှန့်ဝေ)၊ ဦးမြင့်သိန်း-ဒေါ်မာလာ၊ ဦးသန်းထွန်းလင်း-ဒေါ်အေးအေးကြူ(အီတူး) တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ ကိုအောင်ကျော်စိုး၊ ကိုသက်ထွဋ်ဦး-မမေသင်းကြည်၊ မဖူးပွင့်မာလာသိန်း၊ ကိုရဲမင်းသူတို့၏ ချစ်လှစွာသောအဘွား၊ မမေဦး၏ဘွားဘွားကြီးဖြစ်သူ ဒေါ်လှလှတင်(ခ)အန်တီတွတ်သည် ၂၇-၁-၂၀၂၅ရက် (တနင်္လာနေ့) ညနေ (၄:၃၀) နာရီတွင် GRAND HANTHA ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

| ဖခင်<br>အမည်မှန် | မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်၊ အရှေ့ကန် ဘောင်ကျေးရွာနေ အထက (၁)မှ အလယ်တန်းအောင် မသံယောဇဉ်၏ ဖခင်အမည်မှန်မှာ ဦးအေး ဖြစ်ပါကြောင်း။ **ဦးအေး** |
|---|---|

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့၊ ဈေးမြောက်(၆)လမ်းနေ ဦးကျော်ဆန်းလင်း ၇/ဖမန(နိုင်)၁၀၈၈၅၇နှင့် ဒေါ်အိအိလှိုင် ၇/ဖမန(နိုင်) ၁၈၈၀၉၉တို့၏ သားဖြစ်သူ ကိုဝေယံလင်း ၇/ဖမန(နိုင်) ၂၃၈၃၇၆သည် မိဘများ၏ ဆိုဆုံးမမှုများကို မနာခံဘဲ၊ မိဘများ ကိုယ်စိတ်နှလုံး ဆင်းရဲစေသော ကိစ္စရပ်များအား အကြိမ်ကြိမ် အခါခါ ပြုလုပ်ခဲ့သည့်အပြင် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော လူမှုရေးကိစ္စများ၊ ငွေရေး ကြေးရေး အရှုပ်အရှင်းများနှင့် ကိစ္စအရပ်ရပ်များအားလုံးတို့အား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးကျော်ဆန်းလင်း-ဒေါ်အိအိလှိုင်**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ပေါင်းတည်မြို့နယ်၊ အခြေခံပညာမူလတန်းကျောင်း (အရှေ့လမ်း)၊ Grade-5 တွင် ပညာသင်ကြားလျက်ရှိသော မဝိုင်းဆုရတီ၏ ဖခင်အမည်မှန်မှာ ဦးကျော်လင်းဦး ဖြစ်ပါကြောင်း။

**ဦးကျော်လင်းဦး**
**၇/နတလ(နိုင်)၁၁၅၉၅၀**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 69W/75669, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇင်ဖြိုး ၁၄/အဂပ(နိုင်) ၂၁၇၄၃၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါ သည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်္ာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 80W/50665, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇေလွင် ၁၄/ဟသတ(နိုင်) ၂၂၂၁၅၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်္ာတ)**

ဇီဝမျိုးစုံ
မျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝ
တောတွေ
ထိန်းသိမ်းစို့

❖ MNDAA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့၊ TNLA လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့နှင့် AA လက်နက်ကိုင်အဖွဲ့တို့အား ၂-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်မှ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့ပြီးဖြစ်...

❖ ထို့ကြောင့် ၎င်းတို့နှင့် ဆက်နွယ်နေသူများအနေဖြင့်လည်း အကြမ်းဖက်မှုများကို အားပေးနေကြသူများပင်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလ ငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မြန်မာဖိုက်တာ အောင်လအန်ဆန်နှင့် တူကီယဲဖိုက်တာ အာဒိုဂန်တို့ မကျေပွဲ ပြန်လည်ထိုးသတ်မည်

ရန်ကုန် ဇန်နဝါရီ ၂၉

**ဖေဖော်ဝါရီ ၂၀ ရက်တွင် ကာတာနိုင်ငံ၌ကျင်းပမည့် ONE–171 ပြိုင်ပွဲတွင် မြန်မာဖိုက်တာ အောင်လအန်ဆန်နှင့် တူကီယဲဖိုက်တာ အာဒိုဂန်တို့၏ တွဲဆိုင်း ပါဝင်လာမည်ဖြစ်သည်။**

ONE Championship အဖွဲ့အစည်းသည် ONE–171 ပြိုင်ပွဲတွင် ပါဝင်မည့် တွဲဆိုင်းအချို့ကို ထုတ်ပြန်ထားပြီး အောင်လအန်ဆန်တွဲဆိုင်း ပါဝင်လာခြင်းဖြစ်သည်။ အောင်လအန်ဆန်နှင့် အာဒိုဂန်သည် မစ်ဒယ်ဝိတ်တန်း စိန်ခေါ်ပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ ယင်းဖိုက်တာနှစ်ဦးသည် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၆ ရက်က အမေရိကန်နိုင်ငံ၌ကျင်းပသည့် ONE 168 ပြိုင်ပွဲတွင် ထိုးသတ်ခဲ့ပြီး ငါးလကျော်အကြာတွင် ထပ်မံထိုးသတ်ရခြင်း ဖြစ်သည်။

စာမျက်နှာ ၁၃ ကော်လံ ၅ ❖




တူကီယဲဖိုက်တာ အာဒိုဂန် (အပေါ်ဝဲပုံ)နှင့် မြန်မာဖိုက်တာ အောင်လအန်ဆန် (အပေါ်ယာပုံ)။

## ယနေ့ ဖတ်စရာ

**တောင်ကိုရီးယား၌ လေယာဉ်မီးလောင်မှုဖြစ်ပွား၊ ခရီးသည်များအားလုံး ကယ်တင်နိုင်**




စာ ၁၄

**တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ**

စာ ၂၂

**ယူရိုပါလိဂ်အုပ်စုနောက်ဆုံးပွဲစဉ်များ ယှဉ်ပြိုင်ကစားမည်**

စာ ၂၄

UEFA EUROPA LEAGUE

# MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲတွင် TG United အသင်း ရှုံးပွဲကြုံတွေ့ 7 Dragon၊ JZ Yangon၊ Pacific Sun Far နှင့် Black Cross အသင်း နိုင်ပွဲရယူပြီး ဖိအားပေး

**ရန်ကုန် ဇန်နဝါရီ ၂၉**

၂၀၂၄–၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်–၂ ပြိုင်ပွဲ ပွဲစဉ် (၈) ကို ဇန်နဝါရီ ၂၉ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ပွဲစဉ် (၈) တွင် ထိပ်ဆုံးမှ ဦးဆောင်နေသည့် TG United အသင်း ရှုံးပွဲကြုံတွေ့ခြင်းကို အသုံးချကာ 7 Dragon၊ JZ Yangon၊ Pacific Sun Far နှင့် Black Cross အသင်း နိုင်ပွဲရယူပြီး ဖိအားပေးလျက်ရှိသည်။ ပွဲစဉ်(၈)တွင် Gold Dream အသင်းက KKY အသင်းကို လေးဂိုး–နှစ်ဂိုး၊ Black Cross အသင်းက 7 Brother အသင်းကို ခုနစ်ဂိုးပြတ်၊ 7 Dragon အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို သုံးဂိုး – နှစ်ဂိုး၊ Pacific Sun Far အသင်းက TG United အသင်းကို လေးဂိုး–နှစ်ဂိုး၊ YCDC Marga Youth အသင်းက လက်ဝဲသုနရအသင်းကို နှစ်ဂိုး – ဂိုးမရှိ၊ JZ Yangon အသင်းက Maryar အသင်းကို ခုနစ်ဂိုး – လေးဂိုးဖြင့် အနိုင်ရရှိသည်။

ပွဲစဉ် (၈) အပြီးတွင် TG United အသင်းက ၁၈ မှတ်၊

စာမျက်နှာ ၁၃ ကော်လံ ၅ ■



7 Dragon အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားစဉ်။